၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.826, August 7, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## မြန်မာ့အရေး ပိုမိုဆောင်ရွက်ဖို့ ဂျပန်ကို ဒေါ်အောင်ဆန်းစုကြည်တိုက်တွန်း

**RFA ၊ ဩဂုတ်လ ၄ ။ ။** မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အပြောင်းအလဲ ဖြစ်လာဖို့ ဂျပန်အစိုးရက အခုထက်ပိုပြီး လုပ်ဆောင်သင့်ကြောင်း မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်ပါတယ်။

မြန်မာနိုင်ငံကို ၃ ရက်ကြာ အလည်အပတ်လာရောက်သော ဂျပန်လွှတ်တော် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မာကီကို ကီကူတာဟာ ၂၀၁၁ ခုနှစ် ဖွန်လ ၂၉ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်ကို မျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရုံးမှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်၊

ဂျပန်သတင်းဌာန တခုဖြစ်တဲ့ Nikkei နစ်ခေး စီးပွားရေးသတင်းဌာနနဲ့ မနေ့တုန်းက သီးသန့်တွေ့ဆုံမေးမြန်းချိန်မှာ ဒေါ်အောင်ဆန်းစုကြည်က အဲဒီလို ပြောဆိုလိုက်တာပါ။

လက်ရှိ ဦးသိန်းစိန်အစိုးရက ဒီမိုကရေစီအပြောင်းအလဲကို တကယ်လုပ်ဆောင်လာတော့မယ်လို့ ယူဆနေတာထက် မြန်မာ့နိုင်ငံရေး အခြေနေတွေကို လက်တွေ့ကျကျ သုံးသပ်ပြီး ဂျပန်အစိုးရက မြန်မာ အစိုးရပေါ် ဆက်ဆံသင့်တယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က နစ်ခေးသတင်းဌာနကို ပြောပါတယ်။

လတ်တလော မှာတော့ ဂျပန်နိုင်ငံဟာ သူ့ရဲ့ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒတွေကို ပြန်လည်သုံးသပ်နေပြီး ODA လို့ ခေါ်တဲ့ နိုင်ငံရပ်ခြား စီးပွားရေးအကူအညီတွေ ပြန်လည်ပေးအပ်လိုတဲ့ ဆန္ဒရှိနေပါတယ်။

ဒီအချက်နဲ့ပတ်သက်ပြီး တိုကျိုမြို့က မြန်မာ့အရေး ဆောင်ရွက်နေသူ ဦးကျော်ကျော်စိုးက အခုလိုသုံးသပ်ပါတယ်။

"တရုတ်နိုင်ငံရဲ့ မြန်မာပြည်အရေးမှာ နိုင်ငံရေးအရရော စီးပွားရေးအရရော ဆက်ဆံမှုပိုများတဲ့နေရာမှာ ဂျပန်စီးပွားရေးသမားတွေက သူတို့ နောက်ကျ ကျန်နေပြီဆိုတဲ့ ခံစားချက်တွေ ရှိနေတယ်။ ဒါ့ကြောင့် နောက်ကွယ်ကနေ ဂျပန်အစိုးရကို တနည်းမဟုတ် တနည်းနဲ့ တွန်းအားပေးတာမျိုး ပါဝင်လိမ့်မယ်လို့ ကျနော်က ယူဆပါတယ်။ ဒီအပေါ်မှာ ဂျပန်အစိုးရက မြန်မာပြည်မှာ ထားတဲ့မူဝါဒကို အကောင်အတည်ဖော် ကျင့်သုံးမယ်လို့ ထင်ပါတယ်"

ပြီးခဲ့တဲ့ ဇူလိုင် လဆန်းပိုင်းတုန်းက မြန်မာနိုင်ငံကို သွားရောက်ချိန်မှာ ဂျပန်ပါလီမန်ဆိုင်ရာ နိုင်ငံခြားရေးဒုဝန်ကြီး မစ္စခိစုတက မြန်မာ နိုင်ငံကို ODA အကူအညီတွေပြန်ပေးဖို့ ဂျပန်အစိုးရက စဉ်းစားနေကြောင်း ပြောခဲ့ပါတယ်။

မြန်မာနိုင်ငံကို အကူအညီအများဆုံးပေးခဲ့တဲ့ ဂျပန်နိုင်ငံဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အဖွဲ့ဝင်တွေကို ၂၀၀၃ ခုနှစ် မေလက ဒီပဲယင်းမှာ အကြမ်းဖက်တိုက်ခိုက်မှုအပြီး မြန်မာနိုင်ငံကို ODA အကူအညီတွေ ဖြတ်တောက် ခဲ့ပါတယ်။

---

## အဖွဲ့ချုပ် စီအီးစီနဲ့ ဒေါ်စုဆွေးနွေး

**RFA ၊ ဩဂုတ် ၁ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေ၊ ဗဟိုဦးစီးအဖွဲ့ဝင်တွေနဲ့ ဒီကနေ့ တွေ့ဆုံပြီး NLD ပါတီရဲ့ ဆောင်ရွက်ချက်တွေအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိ ရပါတယ်။

**စာမျက်နှာ ၂ သို့**

| | | | | | |
|---|---|---|---|---|---|
| **ဒေါ်စုရဲ့ ကမ်းလှမ်းချက် လက်ခံဖို့ အစိုးရသစ်ကို သံဃာတွေတိုက်တွန်း** | **ကချင်နဲ့ ဆွေးနွေးပွဲဆက် အပစ်အခတ်ရပ်စဲရေး အလှမ်းဝေးနေဆဲပါ** | **အစိုးရမှနိုင်ငံရေး အကျဉ်းသားတွေလွှတ် ပေးခြင်းမရှိတဲအပေါ် ကင်တားနားဝေဖန်** | **ရှစ်လေးလုံးကျောင်းသား ခေါင်းဆောင်တွေ နှစ်ရှည်ထောင်ဒဏ် အယူခံဝင်မည်** | **တိုင်းပြည်အကျိုးအတွက် ပေးထားတဲ့အာဏာကို ကိုယ်ကျိုးအတွက်သုံးတာ အကျင့်ပျက် ခြစားမှုပဲ** | **ငြိမ်းချမ်းရေးအတွက် ဒေါ်အောင်ဆန်းစုကြည် ကြားဝင်ဆောင်ရွက်မှု တိုင်းရင်းသားများလိုလား** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၇** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၉** |

# ရေဝတီကြီးကာကွယ်ဖို့ တိုက်တွန်း

**RFA ၊ ဩဂုတ် ၅ ။** ။ ကချင်ပြည်နယ် မေခ မလိခမြစ်ဆုံမှာတရုတ်အစိုးရပိုင် China Power Investment- CPI ကော်ပိုရေးရှင်းနဲ့မြန်မာအစိုးရ ဖက်စပ်ပြီး မြစ်ဆုံဆည်စီမံကိန်းကြီး ဆောက်လုပ်နေတာဟာ ရေဝတီမြစ်ကြီးပျောက်ကွယ်ဖို့ ဖြစ်လာတာကြောင့် ဝိုင်းဝန်းကာကွယ်ကြဖို့ အမေရိကန်အခြေစိုက် US campaign for Burma အဖွဲ့ကတိုက်တွန်းပြောဆိုလိုက်ပါတယ်။

CPI ကော်ပိုရေးရှင်းက ကူညီထောက်ပံ့ထားတဲ့ မြန်မာနဲ့တရုတ်ပညာရှင် လေ့လာရေးအဖွဲ့ကနေ ရေဝတီမြစ်ဆုံရေကာတာစီမံကိန်းကို ဆက်လက်အကောင်အထည်မဖော်ဖို့ စာမျက်နှာ ၉၄၅ မျက်နှာပါတဲ့ အစီရင်ခံစာ ထုတ်ပြန်ထားပါတယ်။

ကြီးမားတဲ့ရေကာတာကြီးကို ရေဝတီမြစ်မှာတည်ဆောက်ဖို့မသင့်တော်တဲ့အကြောင်း အဓိကတင်ပြထားတာပါ။ ဒါပေမယ့် မြန်မာနဲ့တရုတ်အစိုးရတို့က အစီရင်ခံစာပါအချက်တွေကို လျစ်လျူရှုပြီးဆက်လက်ဆောက်လုပ်နေတာကြောင့် ရေဝတီမြစ်ပျောက်ကွယ်သွားဖို့အရေးဟာ အမျိုးသားရေးတာဝန်တရပ်ဖြစ်လာပြီလို့ US campaign for Burmaအဖွဲ့အမှုဆောင်ညွှန်ကြားရေးမှူးဦးအောင်ဒင်ကပြောပါတယ်။

ပြည်တွင်းမှာလည်း ထင်ရှားတဲ့အနုပညာရှင်တွေကိုယ်တိုင် ရေဝတီမြစ်ကြီး ပျောက်ကွယ်မသွားဖို့ ဟောပြောပွဲတွေ ကျင်းပနေပါတယ်။ ပြီးခဲ့လပိုင်းက မင်္ဂလာဒုံမြို့နယ်မှာကျင်းပတဲ့ စာပေဟောပြောပွဲမှာ စာရေးဆရာ ကဗျာဆရာ မောင်စိန်ဝင်းပုတီးကုန်းက ရေဝတီမြစ်ရေတွေ တဖြည်းဖြည်းနဲ့တိမ်ကောလာနေတဲ့အကြောင်းဟောပြချက်ကို လူကြိုက်များတယ်လို့သိရပါတယ်။

---

# အစ္စရေးသံအမတ်ကြီး ဗေဒါကိုကြည့်ရှု

**RFA ၊ ဩဂုတ်လ ၄ ။** ။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့က ရန်ကုန်မြို့မှာဖွင့်လှစ်တာသည့် ဗေဒါကျောင်းကို မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး Mr.Yaron Mayer လာရောက်လည်ပတ်စဉ်။

အဲဒီဆွေးနွေးပွဲမှာ အစ္စရေးနိုင်ငံက မြန်မာနိုင်ငံကို ပေးနေတဲ့အကူအညီတွေနဲ့ပတ်သက်လို့ သံအမတ်ကြီးကရှင်းပြသလို ဗေဒါကျောင်းရဲ့လုပ်ငန်းဆောင်တာတွေကိုလည်း ပြန်လည်မေးမြန်းတယ်လို့သိရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဗေဒါကျောင်း ကော်မတီအဖွဲ့ဝင်တဦးဖြစ်တဲ့ ကိုမျိုးရန်နောင်သိမ်းက RFA ကို အခုလို ပြောပါတယ်။

"ဆွေးနွေးတဲ့ကိစ္စထဲမှာ သူတို့အစ္စရေးနိုင်ငံကိုမြန်မာနိုင်ငံကနေ ပညာတော်သင်လွှတ်တဲ့ကိစ္စတွေ ဆွေးနွေးတယ်။ ကျနော်တို့ကတော့ ပညာရေးဆိုင်ရာ နည်းပညာတွေ ဘယ်လိုပံ့ပိုးနိုင်မလဲ အဲဒါတွေ ဆွေးနွေးတယ်။ ကျနော်တို့ ရည်ရွယ်ချက်တွေကို မေးတယ်။ နောက်ပိုင်းမှာ အသေးစိတ် ထပ်ဆွေးနွေးမယ်လို့ ပြောတယ်"

ဒီရက်ပိုင်းမှာနိုင်ငံတကာကနိုင်ငံရေးစီးပွားရေးဆိုင်ရာပညာရှင်တွေ၊ သံတမန်တွေက ဗေဒါကျောင်းကို သွားရောက်လည်ပတ်ပြီးလေ့လာတာတွေရှိတယ်လို့ သိရပါတယ်။ ဒီ ဗေဒါကျောင်းကို ၈၈ မျိုးဆက်ကျောင်းသားတွေ၊ နိုင်ငံရေး အကျဉ်းသားဟောင်းကျောင်းသားလူငယ်တွေဦးဆောင်လုပ်ကိုင်နေတဲ့အတွက် ကျောင်းဖွင့်ရာဒေသအာဏာပိုင်တွေရဲ့ဖိအားပေးနှောင့်ယှက်တာတွေ မကြာခဏခံရလေ့ရှိပါတယ်။

# အဲန်အယ်လ်ဒီနဲ့ဒေါ်စု တသားတည်းရှိကြောင်း ပြောဆို

**RFA ၊ ဩဂုတ် ၅ ။** ။ အာဏာပိုင်တွေက ဒေါ်အောင်ဆန်းစုကြည်ကို NLD ပါတီကနေ သီးခြားခွဲထုတ်နေတယ်ဆိုပြီး ထွက်ပေါ်နေတဲ့ သတင်းတွေနဲ့ပတ်သက်လို့ မဟုတ်မှန်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP အစည်းအဝေးမှာ ငြင်းဆိုသွားတယ်လို့ သိရပါတယ်။

ဒီကနေ့ မွန်းလွဲပိုင်းက CRPP အစည်းအဝေးကို NLD ပါတီရုံးချုပ်မှာကျင်းပခဲ့တာပါ။ အစည်းအဝေးကို NLD ပါတီ ဗဟိုအလုပ်အမှုဆောင်များဖြစ်တဲ့ ဒုတိယဥက္ကဋ္ဌဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးသန်းထွန်း၊ ဦးလှဖေနဲ့ CRPP အတွင်းရေးမှူး ဦးအေးသာအောင်၊ ဦးပုကျင်ရှင်းထန်နဲ့ ဦးစိုးဝင်းတို့ တက်ရောက်ခဲ့တာပါ။

အစည်းအဝေးမှာ ဆွေးနွေးချက်တွေနဲ့ပတ်သက်ပြီး NLD ပါတီပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကခုလိုပြောပါတယ်။

"အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဝန်ကြီးဦးအောင်ကြည်တို့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ကိစ္စ၊ နောက် ငြိမ်းချမ်းရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိတ်ဖွင့်ပေးစာ အဲဒီကိစ္စတွေကိုဆွေးနွေးကြတယ်လို့သိရပါတယ်"

အစည်းအဝေးမှာဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆောင်ရွက်ဖို့ ကမ်းလှမ်းချက်တွေအပေါ်မှာ CRPP အဖွဲ့ဝင်တွေကကြိုဆိုခဲ့ပြီး ဆောင်ရွက်ရန်အသေးစိတ်တွေကို ညှိနှိုင်းခဲ့တယ်လို့ ဦးအေးသာအောင်ကပြောပါတယ်။

ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်ကို အာဏာပိုင်တွေက နေပြည်တော်မှာပြုလုပ်မည့် အစည်းအဝေးကိုတက်ရောက်ဖို့ ဖိတ်ကြားတဲ့ ကိစ္စအပါအဝင် လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေကို ဆွေးနွေးခဲ့ကြောင်းသိရပါတယ်။

---

**မျက်နှာဖုံးမှ**

လစဉ်ပုံမှန်ကျင်းပနေတဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတာအစည်းအဝေးကို ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ပြီး ၁၉၉၀ခုနှစ် ရွေးကောက်ပွဲအနိုင်ရပြီးနောက်ပိုင်း NLD ပါတီရဲ့ ဆောင်ရွက်ချက်တွေကို အဖွဲ့ဝင်တွေနဲ့ဆွေးနွေးခဲ့တာဖြစ်ကြောင်း NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောပါတယ်။

"ပါတီတွင်းကိစ္စတွေ၊ ရွေးကောက်ပွဲအနိုင်ရပြီးကတည်းက ဆောင်ရွက်ခဲ့တဲ့ကိစ္စတွေ၊ သမိုင်းတွေကို ဆွေးနွေးကြတာပါ။ အဲဒီတုန်းက အထွေထွေအတွင်းရေးမှူးကလည်း နေအိမ်အကျယ်ချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးကလည်း ထောင်ကျနေတယ်။ ဦးဝင်းတင် ကလည်း ထောင်ကျနေတယ်။ တချို့ပုဂ္ဂိုလ်တွေကလည်း ကျန်းမာရေး မကောင်းတော့ ဦးအောင်ရွှေတို့ဦးလွင်တို့ကလည်း မလာနိုင်တော့ဘူး။ အဲဒီတုန်းကတည်းက အဖွဲ့ချုပ် ဘယ်လိုရပ်တည်ခဲ့သလဲဆိုတာတွေနဲ့ ပတ်သက်လို့ ပြန်ပြီးဆွေးနွေးကြတာပါ"

ဒီကနေ့ ဆွေးနွေးပွဲကို မနေ့က မျက်စိခွဲစိတ်ကုသမှုခံယူခဲ့တဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနဲ့ ကျန်းမာရေးအခြေအနေကြောင့် ဆေးရုံတက်ကုသနေရတဲ့ ဦးဝင်းတင်တို့လည်း တက်ရောက်လာကြတယ်လို့ သိရပါတယ်။

# ဒေါ်စုရဲ့ကမ်းလှမ်းချက်ကို လက်ခံဖို့ အစိုးရသစ်ကို သံဃာတွေတိုက်တွန်း

**RFA ၊ ဩဂုတ်လ ၂။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့တိုင်းပြည်ငြိမ်းချမ်းရေးဆောင်ရွက်ဖို့ကမ်းလှမ်းချက်ကိုလက်ခံဖို့ပြည်တွင်းပြည်ပမှာရှိတဲ့ သံဃာ့အဖွဲ့အစည်းတွေက ဦးသိန်းစိန်အစိုးရကို ဒီကနေ့တိုက်တွန်းလိုက်ကြပါတယ်။

ပြည်တွင်းမှာ လှုပ်ရှားနေတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးရဲ့ပြောခွင့်ရ ဆရာတော်ဦးဓမ္မသီရိက တိုင်းရင်းသားတွေ ကြည်ညိုလေးစားမှုရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဦးဆောင်ကြိုးပမ်းခွင့်ပေးအပ်ဖို့ လိုအပ်ကြောင်း မိန့်ကြားပါတယ်။

"တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တခြားပါတီအားလုံးက ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ လေးစားယုံကြည်မှုရှိတယ်။ဒါ့ကြောင့်လည်းဒေါ်အောင်ဆန်းစုကြည်လုပ်ဆောင်ဖို့တွန်းအားတွေ ပေးနေကြတယ်။ ဦးဇင်းတို့ မြင်တဲ့အမြင်ကို ပြောရမယ်ဆိုရင် အခုအစိုးရဘက်က တင်းခံနေတဲ့ အနေအထားမြင်တယ်။ အစိုးရဘက်ကသာ လက်ခံခဲ့မယ်ဆိုရင် ဒီပြဿနာဟာ အေးအေးဆေးဆေးပြေလည်သွားမယ်လို့ ဦးဇင်းမြင်ပါတယ်။ အခုလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပစ်ခတ်နေခြင်းဟာ အစိုးရဘက်ကတင်းမာနေလို့သာ ဖြစ်နေတာလို့ ဦးဇင်းမြင်ပါတယ်"

အလားတူ သာသနာ့ဥသျှောင်အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာမြန်မာရဟန်းတော်များအဖွဲ့ရဲ့ ထိုင်းနိုင်ငံတာဝန်ခံ ဆရာတော်ဦးဇဝနကလည်း အစိုးရအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုတဲ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုနဲ့ တိုင်းပြည်ငြိမ်းချမ်းရေးတည်ဆောက်ဖို့ အချိန်တန်ပြီလို့ မိန့်ကြားပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က အခုလို တောင်းခံလိုက်တာကို တကမ္ဘာလုံးကလည်း လက်ခံတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းတွေကလည်း လိုလိုလားလားကို သဘောကျတယ်။ အစိုးရဘက်က လိုက်လျောဖို့ သဘောတူဖို့ပဲလိုတော့တယ်။ အဲဒီတော့ အစိုးရအနေနဲ့လည်း တိုင်းပြည်ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင်အားလုံးလိုလားနေတဲ့ဘက်ကို မျက်နှာမူဖို့ စစ်ခေါင်းဆောင်တွေကိုဦးဇင်းတိုက်တွန်းချင်တယ်။ အခု ဒေါ်အောင်ဆန်းစုကြည်လုပ်နေတဲ့ ကိစ္စဟာ လူသာမခေါ် နတ်သာမခေါ်တဲ့ကိစ္စမို့ ဦးဇင်းတို့အနေနဲ့ ချွင်းချက်မရှိ ထောက်ခံတယ်။ တိုင်းပြည်အုပ်ချုပ်နေတဲ့ အစိုးရသစ်အနေနဲ့ကလည်း ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ စကားဟာ တကယ် စေတနာပါလို့ ပြောနေတာ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေချင်လို့ ပြောနေတယ်ဆိုတာကို လေးလေးနက်နက်သဘောပေါက်ပြီးတော့ လက်တွဲပြီးတော့ ငြိမ်းချမ်းရေးကို လုပ်ကြပါလို့ ဦးဇင်းအနေနဲ့ တိုက်တွန်းချင်တယ်"

၁၉၉၁ ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆုရှင်ဒေါ်အောင်ဆန်းစုကြည်ဟာ သမ္မတဦးသိန်းစိန်နဲ့တကွ ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကရင်အမျိုးသားအစည်းအရုံး၊ မွန်ပြည်သစ်ပါတီနဲ့ ရှမ်းပြည်တပ်မတော်တို့ကို ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ အိတ်ဖွင့်ပေးစာတစောင်ကိုဇူလိုင်လ ၂၈ ရက်နေ့က ပေးပို့ခဲ့ပါတယ်။

ဒီ အိတ်ဖွင့်ပေးစာထဲမှာ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို စစ်ရေးနည်းလမ်းနဲ့ ဖြေရှင်းလို့ မရနိုင်ကြောင်း၊ နိုင်ငံရေးအရ ညှိနှိုင်းဖြေရှင်းမှသာ စစ်မှန်တဲ့ တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို ရရှိမှာဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို ပံ့ပိုးဖို့ သူမအနေနဲ့ ကိုယ်စွမ်းရှိသရွေ့ ပါဝင်ကြိုးပမ်းပေးဖို့ အဆင်သင့်ရှိနေကြောင်း စသဖြင့် ဖော်ပြထားပါတယ်။

ဒီပေးစာအပေါ် လောလောဆယ်အထိ အစိုးရဘက်က တုံ့ပြန်မှုမရှိသေးပေမယ့် တိုင်းရင်းသားအဖွဲ့အစည်း အသီးသီးက ထောက်ခံကြိုဆိုထားပါတယ်။

---

# ဟိုတယ်ဝန်ထမ်းများသမတကိုအရေးဆို

**RFA ၊ ဂျူလိုင် ၃၁ ။ ။** ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနက ဝန်ထမ်းဟောင်း ၄၀ ကျော်ဟာ အလုပ်အကိုင် ဆုံးရှုံးခဲ့တာနဲ့ ပတ်သက်ပြီး စစ်တွေမြို့ကိုရောက်ရှိနေတဲ့ သမ္မတဦးသိန်းစိန်ကို သွားရောက်ဆန္ဒပြ တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။

မနေ့က မနက် ၈ နာရီလောက်က ဟိုတယ်နဲ့ ခရီးသွား ဝန်ထမ်းဟောင်း ၄၃ ယောက်ဟာ၊ ဦးသိန်းစိန် လာရောက်ဟောပြောမယ့် မြို့တော်ခန်းမရှေ့မှာ သွားရောက်စုရုံးခဲ့ကြပြီး သူတို့အနေနဲ့ အစိုးရဝန်ထမ်းအဖြစ် ဆက်လက်အလုပ်လုပ်ကိုင်ခွင့် ရှိမရှိ သွားရောက်မေးမြန်းခဲ့တယ်လို့ အဲဒီအထဲမှာ ပါဝင်ခဲ့တဲ့ ဝန်ထမ်းဟောင်းတဦးက ပြောပြပါတယ်။

"လစာပေးတဲ့နေ့မှာလစာမရတာ ဘာကြောင့်လဲ ဆိုတာကိုသွားပြီးတင်ပြမလို့ပါ။ အဲဒီအချိန်မှာ မြို့တော်ခမ်းမမှာ သမ္မတကြီး အစည်းအဝေးလုပ်နေတဲ့အချိန်နဲ့ တိုက်ဆိုင်နေတော့ တင်ပြခွင့် မရခဲ့ပါဘူး။ ဒါပေမယ့် နှုတ်နဲ့မပြောပါနဲ့ စာနဲ့ပြောပါဆိုလို့ အခွင့်အရေးမရလိုက်ဘူးပေါ့"

ပြီးခဲ့တဲ့ ဖွန်လက စစ်တွေ ဟိုတယ်နဲ့ စားသောက်ကုန်၊အဖျော်ယမကာလုပ်ငန်းတွေကို ပုဂ္ဂလိက လုပ်ငန်းရှင်တဦးဖြစ်တဲ့ ဦးနေမျိုးထွန်း (Royal Beach Motel) လက်ထဲကို လွှဲပြောင်း ပေးခဲ့ပါတယ်။ ဝန်ထမ်း ၄၃ ဦးကိုလည်း ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံဒေသအုပ်ချုပ်ရေးကို လွှဲပြောင်းပေးခဲ့ပါတယ်။ အဲဒီနောက် ပြည်ထဲရေးဝန်ကြီးဌာနကလည်း တာဝန်မယူ နိုင်တဲ့အတွက် ဝန်ထမ်းအရေအတွက် လျှော့ချလိုက်ကြောင်း အကြောင်းကြားခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက ကုမ္ပဏီကလည်း ဆက်လက် မငှားလိုတော့ဘူးလို့ ပြောဆိုတဲ့အတွက် သူတို့အနေနဲ့ ဝန်ထမ်းအဖြစ် ဆက်လက်ရှိမရှိ မသေချာ မရေရာ ဖြစ်နေခဲ့တယ်လို့ ဆိုပါတယ်။

ဇူလိုင်လကုန် လစာမရတော့မှ အခုလို သွားရောက်စုရုံး မေးမြန်းခဲ့တာဖြစ်တယ်လို့ ပါဝင်ခဲ့တဲ့ ဝန်ထမ်းတွေက ပြောပါတယ်။ အခုလို စုရုံးတောင်းဆိုခဲ့တာကို သက်ဆိုင်ရာတာဝန်ရှိသူတွေက စာနဲ့သာရေးသားတင်ပြကြဖို့နဲ့ လူစုခွဲ ပြန်ကြဖို့ပြောဆိုပြီး လစာငွေကို ၃၀ ရက်နေ့မှာပဲ ချက်ခြင်းထုတ်ပေးခဲ့တယ်လို့ သူက ဆက်ပြောပါတယ်။

သူတို့ကို လစာငွေတွေ ထုတ်ပေးပေမယ့်လည်း ဝန်ထမ်းအဖြစ်ဆက်လက်ခန့်ထားခြင်းရှိမရှိ မသိရဘဲ နောက်လတွေမှာလည်း လစာရမရ မသိရဘူးလို့ ဝန်ထမ်းတွေက ပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည် အခြေခံဥပဒေမဏ္ဍိုင်ပြုနိုင်ငံရေးရွေးသင့်ဟု တစည‌ပြော

**Mizzima ၊ ဩဂုတ်လ ၃ ။** ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မဏ္ဍိုင်ပြုသည့် နိုင်ငံရေးလမ်းကြောင်းပေါ်မှ ဆောင်ရွက်စေလိုကြောင်း ၂၀၁၀ ရွေးကောက်ပွဲဝင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ(တစည)ကတိုက်တွန်းလိုက်သည်။

"ဖွဲ့စည်းပုံအခြေခံကိုမဏ္ဍိုင်ပြုတဲ့ နိုင်ငံရေးလမ်းကြောင်း အပေါ်မှာ လိုက်ပါဆောင်ရွက်ဖို့ဆိုတဲ့ဟာက ကျနော်တို့ ပါတီရဲ့သဘောထားပဲ။ အဲဒီအတိုင်း လိုက်ပါအကောင်အထည်ဖော်ဆောင် ရွက်ပါဆိုတဲ့ဟာကိုပြောတာပါ"ဟု ပါတီပြောခွင့်ရဦးဟန်ရွှေက မဇ္ဈိမကို ပြောသည်။

လွှတ်တော်လုပ်ငန်းစဉ်မှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ထွန်းရေးခြေလှမ်းဟု အစိုးရက ပြောနေချိန် အခရာဖြစ်သော ၂၀၀၈ အခြေခံဥပဒေမှာ အာဏာသိမ်းစစ်အစိုးရက တဖက်သတ်ရေးဆွဲထားခြင်းဖြစ်သည်ဟု NLD က ထောက်ပြကာ စစ်အစိုးရ၏လမ်းပြမြေပုံတွင် ပါဝင်ခြင်းမပြုသလို အသိအမှတ်မပြုဘဲထားသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်သော်လည်းပဲ သူ့အနေနဲ့ လက်မခံဘူးဆိုတဲ့အနေအထားမျိုးဖြစ်တာပေါ့လေ။ အဲဒီတော့ဖွဲ့စည်းပုံအခြေခံဥပဒေကဖြစ်လာတဲ့ ရွေးကောက်ပွဲလည်း မဝင်ဘူးဆိုတဲ့ဟာနဲ့ဖြစ်လာတာပေါ့လေ" ဟု ဦးဟန်ရွှေကပြောသည်။ ဒေါ်အောင်ဆန်းစုကြည်ပါဝင်သည့် NLD ပါတီမှာ ၁၉၉၀ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်အနိုင်ရရှိခဲ့သော်လည်း စစ်အစိုးရကရွေးကောက်ပွဲရလဒ်ကိုမျက်ကွယ်ပြုခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲတွင်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် ပါတီခေါင်းဆောင်အချို့ မပါဝင်နိုင်အောင်ရွေးကောက်ပွဲဥပဒေဖြင့်ကန့်သတ်ခဲ့သည်။ တစညကတော့ NLD အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲ မဝင်ခဲ့သည့်အတွက် ပါတီတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့သည်ဟု ဆိုသည်။ ထို့ပြင် ပြုပြင်ပြောင်းလဲရေးအတွက် လွှတ်တော်ပြင်ပမှပြောဆိုခြင်းထက် လွှတ်တော်တွင်းမှပြောဆိုပါက ပိုမိုထိရောက်နိုင်သည်ဟု ဆိုသည်။

"ဒီကနေ့တိုင်းရင်းသားတွေအတွင်းမှာဖြစ်နေတဲ့ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ကိစ္စတွေဟာ လွှတ်တော်ထဲမှာ အများကြီး ပြောလို့ဆိုလို့၊ လုပ်လို့ရတဲ့ အနေအထားတွေရှိလာမယ်။ ဒီ Institution ကနေပြီးတော့ အကောင်အထည်ဖော်တဲ့ဟာက အပြင်က ပြောနေတာထက်စာရင် ပိုပြီး တော့ထိရောက်လိမ့်မယ်" ဟု ဦးဟန်ရွှေကဆိုသည်။

တစညက NLD ကို ရွေးကောက်ပွဲဝင်ရန် တိုက်တွန်းချိန်မှာကြားဖြတ်ရွေးကောက်ပွဲ လုပ်ရန် စီစဉ်နေချိန်နှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ကို နိုင်ငံရေးလှုပ်ရှားမှု မလုပ်ရန်နှင့် ပြည်ထဲရေးဝန်ကြီးဌာနက စာပို့ထားပြီးချိန်နှင့် တိုက်ဆိုင်နေသည်။

NLD က ပါတီရပ်တည်ရေးအတွက် လူ့အခွင့်အရေးကြေညာစာတမ်းပါ အသင်းအပင်းတည်ထောင်ခွင့်နှင့် စည်းရုံးခွင့် ပြဌာန်းထားသော်လည်း လက်ရှိအစိုးရက ရပ်တည်ခွင့်အတွက် ဥပဒေကြောင်းအရ ဖိနှိပ်ချုပ်ချယ်နေသည့်အတွက် ကုလလူ့အခွင့်အရေးကောင်စီသို့တင်ပြရန် စီစဉ်နေသည်။

စစ်တပ်ကြိုးကိုင်ထားသော လွှတ်တော်တွင်း အတိုက်အခံပါတီများ၏လုပ်ပိုင်ခွင့်ကို ဝေဖန်သူများက သံသယရှိကြသော်လည်း ၂၆ နှစ်ကြာ အာဏာရပြီး ၁၉၈၈ ခုနှစ်က လူထုအုံကြွမှုကြောင့် ပျက်ပြားသွားခဲ့ရသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမွေဆက်ခံသောတစညကတော့ ယခုအစိုးရ သက်တမ်းမှာ နသေးသည့်အတွက် ၂ နှစ်ခွဲခန့်ထိ စောင့်ကြည့်ဖို့ လိုသည်ဟု ဆိုသည်။

"Division of Power အရလုပ်သွားရမယ်။ အဲဒီလို သတ်မှတ်ထားရဲ့သားနဲ့ ဗဟိုကချုပ်ကိုင်ပြီး လုပ်မယ်ဆိုရင် ကျနော်တို့ပါတီကလည်းလက်မခံပါဘူး။ ဒါ ကန့်ကွက်ပြီး ပြောဆိုမှာပါပဲ" ဟု ဦးဟန်ရွှေက ပြောသည်။ တစည၏တိုက်တွန်းမှုနှင့်ပတ်သက်၍ NLD အနေဖြင့် တစုံတရာမှတ်ချက်မပေးလိုကြောင်း၊ ယခုကိစ္စသည် ပါတီမူဝါဒပိုင်းဖြစ်သည့်အတွက် မပြောဆိုလိုကြောင်း ငြင်းဆန်သည်။

"ကျနော်တယောက်တည်း သဘောနဲ့လည်း ပြောလို့မရဘူးဗျ။ အတော်လေးကို Higher Policy ပါ။ Higher Policy ဆိုတာ ခေါင်းဆောင်တွေကော၊ စီအီးစီကော ဆုံးဖြတ်မှရတာ။ ဒီဟာပေါ်မှာ ကျနော်ဘာမှပြောစရာမရှိပါဘူး"ဟု NLD အဖွဲ့ချုပ်ဗဟိုကော်မတီဝင် ရှေ့နေကြီးဦးဉာဏ်ဝင်းက မဇ္ဈိမကို ပြောသည်။

မိမိတို့ပါတီအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံကြောင်းနှင့် တရားဝင် ရပ်တည်ဆဲဖြစ်ကြောင်း သူကဆိုသည်။ ဒေါ်အောင် ဆန်းစုကြည်အနေဖြင့် ရွေးကောက်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်သင့်ကြောင်းနှင့် လက်တွေ့ကျသည့်လမ်းကြောင်းကို ရွေးချယ်သင့်ကြောင်း ရွေးကောက်ပွဲဝင်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားအဖွဲ့ချုပ်က ရှုမြင်သည်။

" ၉၀ ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ပြီး သွားတဲ့နိုင်ငံရေးက မမှန်ဘူးလို့မပြောပေမယ့် သဘာဝလည်းမကျတော့ဘူး။ အလုပ်လည်းဖြစ်တော့မှာမဟုတ်ဘူးလေ။ အလုပ်မဖြစ်တဲ့ဟာချည်းကို ဆုပ်ကိုင်ပြီးတော့သွားနေတဲ့ နိုင်ငံရေးကနေပြီးတော့ အခုအလုပ်ဖြစ်တဲ့ လက်တွေ့ဘဝထဲကနေ သွားလို့ရတဲ့နိုင်ငံရေးကို ပယ်ထားတဲ့ကိစ္စကတော့ အားလုံးအတွက် နစ်နာတာပေါ့ဗျာ" ဟု ပါတီခေါင်းဆောင် ဦးအေးလွင်က ပြောသည်။

လက်ရှိမှာပါတီစုံဒီမိုကရေစီစနစ်ကိုသွားနေပြီဖြစ်သော်လည်း အားနည်းနေသေးကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သာ ပါဝင်လာပါက ပြည်သူများ ပိုမိုပါဝင်လာနိုင်ကြောင်း ဦးအေးလွင်က ပြောသည်။

---

# စစ်တွေ တက္ကသိုလ်ကျောင်းသားဆန္ဒပြ

**RFA ၊ ဩဂုတ်လ ၃ ။** ။ စစ်တွေတက္ကသိုလ်မှာ ကျောင်းနဲ့ မြို့တွင်း ပြေးဆွဲနေတဲ့ ကျောင်းကားခတွေ နှစ်ဆတက်လိုက်တဲ့အတွက် ကျောင်းသူ ကျောင်းသားအယောက် ၃၀၀ လောက် ပြည်နယ်လွှတ်တော်ကို ချီတက်ဆန္ဒပြကြတယ်လို့ သတင်းရရှိ ပါတယ်။

ကျောင်းကားခက အရင်က အသွား ၁၀၀ ကျပ် အပြန် ၁၀၀ ကျပ်ဖြစ်ပြီး၊ မနေ့ကစလို့ အသွား ၂၀၀ ကျပ် အပြန် ၂၀၀ ကျပ် တိုးယူတဲ့အတွက် မနေ့ကတည်းက ကျောင်းသားတွေ မကျေမနပ်ဖြစ်နေကြတာပါ။ ဒါကြောင့် ဒီနေ့ နေ့လည်မှာတော့ ကျောင်းကနေ ပြည်နယ်လွှတ်တော် အဆောက်အအုံရှိရာကို လမ်းလျှောက်ချီတက်ကြပြီး ကျောင်း

**စာမျက်နှာ ၁၂ သို့**

# အဖွဲ့ချုပ် ပါတီရပ်တည်မှု ကုလ လူ့အခွင့်အရေးကောင်စီထံတင်ပြဖို့ ပြင်ဆင်

**VOA ၊ ဩဂုတ်လ ၂ ။** ။ ၂၀၁၀ ရွေးကောက်ပွဲမှာ ပါတီမှတ်ပုံမတင်ခဲ့လို့နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိတော့ကြောင်း အစိုးရရဲ့ တဖက်သတ် ကြေညာခြင်း ခံထားရတဲ့ NLD အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဟာ တရားဝင်ရပ်တည်ပိုင်ခွင့်အတွက် ရန်ကုန်ကုလသမဂ္ဂရုံးကတဆင့် ဂျီနီဗာမှာရှိတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီကို တင်ပြဖို့ ပြင်ဆင်နေတယ်လို့သိရပါတယ်။ NLD ဘက်က အယူခံတွေကို လျှောက်ထားခဲ့ပေမဲ့ အဆင့်ဆင့် ပယ်ချခံခဲ့ ရပြီးနောက် အခုလို လူ့အခွင့်အရေးကောင်စီကို တင်ပြဖို့ ပြင်ဆင်လာတာဖြစ်ပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေး ထားပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ (NLD) တရားဝင် ရပ်တည်နေကြောင်းနဲ့ပါတီရဲ့ နိုင်ငံရေးသမိုင်းတလျှောက် အဖိနှိပ်ခံရမှုတွေနဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို ဒီသီတင်းပတ်ထဲမှာပဲတင်သွင်းသွားဖို့ရှိတယ်လို့အဖွဲ့ချုပ်ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကို တင်မှာ။ ကျနော်တို့ ဒီအပတ်ထဲ ကြိုးစားနေတယ်။ ပြီးပြီးချင်းတင်ပို့မယ်။ ပါတီရပ်တည်ခွင့်ကိစ္စတွေ၊ ပါတီရဲ့နိုင်ငံရေးသမိုင်းတလျှောက်ဖိနှိပ်ခံရမှု၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု၊ ဒီအခြေအနေတွေအားလုံးကို သိရှိအောင်ကြိုးစားပြီးတော့ ဖော်ပြနေတာ။ အချက်အလက်တွေအရ မှန်တယ်ဆိုတာကို နိုင်ငံရေးအဓိပ္ပာယ်အရလိုချင်တယ်။ ကျနော်တို့က ဒေါ်အောင်ဆန်းစုကြည်နဲ့ဒီကိစ္စကို အမြဲတမ်းညှိနှိုင်းပြီး ဆောင်ရွက်နေတာကြာပါပြီ။ တလနစ်လလောက်ရှိပြီ၊ ဒါက ဥပဒေအရဆောင်ရွက်သင့်တဲ့ဟာတွေကိုဆောင်ရွက်တဲ့သဘောပါပဲ။"

ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးမှူး မစ္စတာ တောမတ်စ် အိုဟေးကင်တားနား (Tomas Ojea Quintana) ကလည်း မြန်မာနိုင်ငံတွင်း နိုင်ငံရေးပါတီတွေရဲ့ အနေအထား၊ အဖိနှိပ်ခံရမှုတွေနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေရှိသလို လူ့အခွင့်အရေးကောင်စီကို တင်သွင်းတဲ့ အစီရင်ခံစာထဲမှာလည်း ထည့်သွင်းဖော်ပြခဲ့တယ်လို့ ဆိုပါတယ်။

"ဒီကိစ္စဟာ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးမှူးအဖြစ် တာဝန်ယူထားတဲ့ ကျနော့်အတွက် အထူးစိုးရိမ်ရတဲ့အချက်ပါ။ မြန်မာနိုင်ငံထဲမှာရှိနေတဲ့ နိုင်ငံရေးပါတီတွေ၊ အထူးသဖြင့် NLD ပါတီရဲ့အခြေအနေတွေ စိုးရိမ်ရတဲ့အကြောင်း အစီရင်ခံစာထဲမှာပါ ကျနော်ထည့်သွင်းရေးသားခဲ့တာပါ။ အခုတော့ အစိုးရသစ်အဖွဲ့တက်လာပြီမို့ အရင်တုန်းက ချမှတ်ထားတဲ့ မူဝါဒတွေကို ပြောင်းလဲပစ်ဖို့အတွက် တောင်းဆိုနေတာပါ။" လို့ပြောသွားပါတယ်။

ဒ့ါအပြင် မကြာခင်ကပဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရသစ်အဖွဲ့ရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ ဝန်ကြီးဦးအောင်ကြည်တို့ တွေ့ဆုံဆွေးနွေးခဲ့တာမို့ ဒီတွေ့ဆုံဆွေးနွေးမှုတွေကနေ နောင်မှာ အပြောင်းအလဲတွေဖြစ်လာဖို့အတွက် မျှော်လင့်တယ်လို့လည်းပြောကြားခဲ့ပါတယ်။

၂၀၁၀ စက်တင်ဘာလ ၁၄ ရက်နေ့မှာ ရွေးကောက်ပွဲကော်မရှင်က NLD ပါတီ တရားဝင် ရပ်တည်နေမှု ပျက်ပြယ်ကြောင်းကြေညာခဲ့ပါတယ်။ NLDပါတီဘက်ကတရားစွဲဆိုပြီးအယူခံအဆင့်ဆင့်လျှောက်ထားခဲ့ပေမဲ့ အထူးအယူခံကို နေပြည်တော်ဗဟိုတရားရုံးချုပ်က ပယ်ချခဲ့ပါတယ်။

ဒါပေမဲ့NLDပါတီဟာလူထုရဲ့ထောက်ခံမှုနဲ့ဆက်လက်ရပ်တည်နေခဲ့တာမို့ လက်ရှိအစိုးရသစ်အဖွဲ့ရဲ့ ပြည်ထဲရေးဝန်ကြီးက မကြာခင်ကမှ NLD ပါတီရဲ့ နိုင်ငံရေးလုပ်ဆောင်မှုတွေနဲ့ပတ်သက်ပြီး သတိပေးစာပေးပို့ခဲ့ပါတယ်။ NLD ပါတီက တရားဝင်အဖြစ် ဆက်လက်ရပ်တည်နေကြောင်း မကြာခင်မှာပဲ ကုလသမဂ္ဂကို တင်ပြဖို့ရှိသလိုအစိုးရသစ်အဖွဲ့က ပေးပို့တဲ့စာနဲ့ပတ်သက်ပြီး ဖြေရှင်းဖို့လည်း စောင့်မျှော်နေတယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ပြည်ထဲရေးဝန်ကြီးက စာပို့ကတည်းက ကျနော်တို့အကြောင်းပြန်တယ်။ အကြောင်းပြန်တဲ့စာထဲမှာ ဥပဒေအချက်အလက်တွေ ပြောထားတယ်။ အဲဒီအချက်မှာ အဓိကပြောရရင် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအတည်ဖြစ်ပြီးနောက်ပိုင်းမှာပြဋ္ဌာန်းတဲ့ဥပဒေတွေအရကျနော်တို့ပါတီကို တရားမဝင်ဘူးလို့ပြောတာ။ အဲဒီလိုပြဋ္ဌာန်းတဲ့ဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီဘဲနဲ့ ထုတ်ပြန်တဲ့ ဥပဒေတွေဖြစ်တဲ့အတွက် စကတည်းကပျက်ပြယ်တယ်။ ဒီဥပဒေတွေဟာတရားမဝင်ဘူးဆိုတဲ့ အချက်အပေါ်မှာ အဓိကတင်ပြထားတာ။ အဲဒါ ကျနော်တို့ရဲ့ ဥပဒေဆိုင်ရာရပ်တည်ချက်ပါ။

"အစိုးရဘက်ကတော့ အခုထိ လက်မခံသေးလို့ ပြည်ထဲရေးကအကြောင်းကြားတာ။ သို့သော် ပြည်ထဲရေးကို ပြောတဲ့အထဲမှာလည်း ကိုယ်မှန်တယ်၊ သူမှန်တယ်ကို အခြေခံပြောနေတာ မဟုတ်ဘူး၊ ကျနော်တို့နဲ့အစိုးရအဖွဲ့ အမြင်နဲ့မတူဘူး။ မတူတဲ့ ဥပဒေအချက်အလက်တွေကို လိုအပ်သလို နားလည်မှုရအောင် ဆွေးနွေးကြစို့လို့ဒါပြောတာပါ။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရှေ့နေကြီးဦးဉာဏ်ဝင်း ပြောပြသွားတာ ဖြစ်ပါတယ်။

---

# နော်ဝေအစိုးရမှ ဒေါ်လာ ၂ သန်းလှူ

**RFA ၊ ဇူလိုင် ၃၁ ။** ။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကစလို့ သိသိသာသာ သာတိမ်ကောလာပြီဖြစ်တဲ့ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်းရှိ နာမည်ကျော် အင်းလေးကန် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် နော်ဝေအစိုးရက အမေရိကန် ဒေါ်လာ ၂ သန်း ထောက်ပံ့ကူညီမယ်လို့ သိရပါတယ်။

များမကြာခင်က လာရောက်လည်ပတ်ခဲ့တဲ့ ဘန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီးရဲ့ခရီးစဉ်အတွင်း ကတိပြုပြောဆိုခဲ့တာဖြစ်ကြောင်း၊ ဒီကူညီငွေကို အစိုးရ သစ်တောရေးရာ ဝန်ကြီးဌာနကို ပေးအပ်မှာဖြစ်ကြောင်း ဖရီဒါ (FREDA) ခေါ် မြန်မာသစ်တော သယံဇာတ သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း အကြီးအကဲ ဦးအုန်းက ပြောပါတယ်။

"နော်ဝေးသံအမတ်ကြီး တလောက ဗမာပြည်ကိုလာပြီး အင်းလေးကန်ကိုသွားတယ်။ သူက အင်းလေးကြည့်ပြီး စိတ်မကောင်းဖြစ်ပြီးတော့ အင်းလေးအတွက် ဒေါ်လာ ၂ သန်းလှူဖို့ ဆုံးဖြတ်တယ်။ UNDP ကို အကြောင်းကြားတယ်။ UNDP က ကျနော်တို့အသင်း

**စာမျက်နှာ ၁၆ သို့**

# ငြိမ်းချမ်းရေးအတွက် အေးလျက် မနေသာပြီ

**ရဲဘော် ဖိုးသံချောင်း**

**မဇ္ဈိမ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

“ငြိမ်းချမ်းရေးအတွက် အေးလျက်မနေသာပြီ။ လူသားအပေါင်းက တောင်းဆိုကြသည်”ဒါဟာ ၁၉၅၀ စုနစ်များနဲ့ ၆၀ စုနစ်များ အစောပိုင်းဆီက ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေအတွက် မင်းသားကြီးကိုမြတ်လေးစပ်ပေးခဲ့တဲ့ “အများစုဆန္ဒ”ဆိုတဲ့သီချင်းထဲက စာသားတကြောင်းဖြစ်ပါတယ်။ တက္ကသိုလ်ပရိဂုဏ်နဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ မပြတ်ကြားရတဲ့သီချင်းတပုဒ်ဖြစ်ပါတယ်။

ဒီသီချင်းကို ပြန်ဖော်ရတာကတော့ အခုတလော ဗမာနိုင်ငံမှာ ငြိမ်းချမ်းရေးကို တောင်းဆိုသံတွေ ပြန်ကြားလာရနေလို့ပါပဲ။ ဆရာကြီးရဲ့ လုပ်ဖော်ကိုင်ဖက်၊ တပည့်သားရင်းတွေ ထွက်ပြောလာတာ လည်းကြားရပါတယ်။ အင်မတန်မင်္ဂလာရှိတဲ့ အသံတွေပါ။ အချိန်အခါနဲ့ကိုက်ညီလှတဲ့ ပြောကြားချက်တွေဖြစ်ပါတယ်။ ပြည်တွင်းပြည်ပရှိ ဗမာနိုင်ငံသားများနဲ့ ဗမာပြည်ကိုစာနာတဲ့ နိုင်ငံပေါင်းစုံက ပြည်သူတွေပါ အားတက်ကြမှာသေချာပါတယ်။

ဒါပေမဲ့မှန်တာပြောရရင်ဒါတွေဟာမာရသွန်ခရီးရဲ့အစခြေလှမ်းသာဖြစ်နေခဲ့ပါတယ်။ ရှေ့ချီတက်ရမယ့် ခရီးကအတော်လှမ်းပါသေးတယ်။ ဗမာပြည်သမိုင်းမှာ ငြိမ်းချမ်းရေးအသံကို နားအခါးဆုံး၊ အဆန့်ကျင်ဆုံးဟာ အာဏာရအစိုးရရဲ့ စစ်တပ်ဖြစ်တယ်ဆိုတာသတိ ထားမိကြမှာပါ။ အခုအထိပါ၊ ကမ္ဘာ့သမိုင်းမှာအရှည်ကြာဆုံး ပြည်တွင်းစစ်ရယ်လို့ စံချိန်တင်ထားတဲ့ဒီစစ်ပွဲကြောင့် တိုင်းပြည်ဘယ်လောက်နာတယ်ဆိုတာ သမိုင်းဘီး လိမ့်သွားတဲ့အထိစောင့်ဖို့မလိုပဲ အစောကြီးကတည်းက ပြည်သူတွေမြင်တွေ့ခဲ့ကြရပါတယ်။ ဒီသမိုင်းဘီးဆိုတာကြီးဟာ ပြည်သူတွေရဲ့ရင်ဘတ် ပေါ်မှာလိမ့်နေတာလို့ဆိုရင် မမှားပါဘူး။

တကယ်က ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးတွေထဲမှာ ရွာတွေပျက်၊ အပြစ်မဲ့သူတွေ သေဆုံး၊ ဒုက္ခမျိုးစုံရောက်ဆိုတာတွေအပြင် စစ်စရိတ်ကြောင့် တိုင်းပြည်စီးပွားရေးကို ထိခိုက်တာလည်း ပါပါတယ်။ဒ့ါအပြင် ကိုယ့်နိုင်ငံနဲ့ ကိုယ့်အမျိုးသားကို တခြားနိုင်ငံတွေက အထင်သေးတာ၊ ကိုယ့်နိုင်ငံထဲမှာ စစ်တပ်ကို ပ’စားပေးရတာ စတာတွေဖြစ်လာပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ကြွေးကြော်သံဟာ ဗမာပြည်မှာ အမြဲတမ်းလိုလို ပြည်သူလူထု သည်းခြေကြိုက်ကြွေးကြော်သံဖြစ်ခဲ့တာပါ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ နောက်မှာ မားမားရပ်ခဲ့ကြတဲ့ ပြည်သူလူထုကြီးတောက်လျှောက် တောင်းဆိုခဲ့လို့လည်း ၁၉၆၃ မှာ ဗိုလ်နေဝင်းဟာ ငြိမ်းချမ်းရေးစေ့စပ်ပွဲဆိုတဲ့ ထိုးဇာတ်တခုဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ ပြောရရင် ဒီငြိမ်းချမ်းရေးနဲ့ ပြည်တွင်းစစ်ပြဿနာဟာ အုပ်စိုးသူတွေကို အမြဲခြောက်လှန့်နေတဲ့ ပြဿနာဖြစ်ပါတယ်။ ဒီလိုနဲ့ ဗမာနိုင်ငံရဲ့လွတ်လပ်ရေး ဒီဘက်သမိုင်းမှာ အစိုးရဖော်ထုတ်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတာတွေ ပေါ်ပေါက်ခဲ့တာနည်းသမို့လား။ အဲဒီအထဲမှာ ဘယ်တခုကများ တကယ့်ငြိမ်းချမ်းရေးကို ပေါ်ထွက်စေခဲ့ပါသလဲ။

ဗမာပြည်ကပြည်တွင်းစစ်ဟာ ဒီမိုကရေစီမှ ဒီမိုကရေစီပြဿနာစစ်စစ်ပါ။ပြည်မမှာဖြစ်ပေါ်ခဲ့တာတွေပဲဖြစ်ဖြစ်၊ပြည်နယ်တွေမှာဖြစ်ပေါ်နေတာတွေပဲဖြစ်ဖြစ်၊ အားလုံးဟာ ဒီမိုကရေစီမရှိလို့ ဖြစ်ပေါ်ခဲ့တာတွေချည့်ဖြစ်ပါတယ်။ အုပ်စိုးသူ အဆက်ဆက်ဟာ ပြည်သူလူထုကို ဒီမိုကရေစီမပေးလို၊ လုပ်ပိုင်ခွင့်မှန်သမျှ သူတို့ချည်း ချုပ်ကိုင်ထား၊ သူတို့နဲ့မတူသူတွေကို ရက်ရက်စက်စက်ဖိနှိပ်လို့ ပေါ်လာခဲ့တဲ့ ပြည်တွင်းစစ်ဖြစ်ပါတယ်။ ဒ့ါအပြင် ဒီလက္ခဏာကို ဒီကနေ့အထိ အနှစ် ၆၀ ကျော်ကာလတလျှောက်လုံး မြင်တွေ့နေရပါတယ်။ ဒါဟာ ပြည်တွင်းစစ်ပြဿနာကို ဘာကြောင့် မဖြေရှင်း နိုင်သလဲဆိုတာကို အရှင်းလင်းဆုံးဖော်ပြတဲ့အချက်ဖြစ်ပါတယ်။ ဒီနိုင်ငံမှာ ဒီမိုကရေစီပြဿနာမဖြေရှင်းပဲ ငြိမ်းချမ်းရေးမတည်ဆောက်နိုင်သလို ငြိမ်းချမ်းရေးမတည်ဆောက်ရင် ပြည့်ဝတဲ့ ဒီမိုကရေစီမရှိနိုင်ပါဘူး။

ဗမာနိုင်ငံမှာ ငြိမ်းချမ်းရေးဆိုတဲ့စကား ကြားလိုက်တာနဲ့ လူတွေဟာ ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုအရင်ဆုံး သတိရကြပါတယ်။ တဆက်ထဲမှာ ဆရာကြီး သွားလေရာမှာ ဆံပင်ဖြန့်ခင်းပေးကြ လက်အုပ်ချီကြတဲ့လူထုကြီး၊ ဆရာကြီးရဲ့တရားပွဲတွေကို ခဲနဲ့ထုတဲ့ပြုစောထီး၊ ဆရာကြီးရဲ့ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာပါဝင်ခဲ့လို့ ကျေးလက်လူထုရဲ့ထောက်ခံမဲတွေနဲ့အတိုက်အခံအမတ်တွေပေါ်ထွက်ခဲ့တဲ့ ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲ၊ ဗိုလ်နေဝင်းက ၁၉၆၃ စေ့စပ်ဆွေးနွေးပွဲ ခေါ်ချိန်မှာ ပေါ်ထွက်ခဲ့တဲ့ရန်ကုန်နဲ့ မန္တလေးက ၇ ခရိုင်၊ ၅ ခ ရိုင် လူထုဆန္ဒပြပွဲကြီးတွေ၊ ပြန်စဉ်းစားမိကြတာတွေ အများကြီးဖြစ်မှာပါ။

အဲဒီလှုပ်ရှားမှုတွေကို ပြန်ကြည့်လိုက်ရင် ငြိမ်းချမ်းရေးအတွက် တောင်းဆို တိုက်ပွဲဝင်တယ်ဆိုရင် လူထုပါဝင်ရမယ်၊ အထူးသဖြင့် ပြည်တွင်းစစ်ဒဏ်ကို အများဆုံးခံကြရတဲ့ ကျေးလက်က လူမျိုးပေါင်းစုံ ပြည်သူတွေပါဝင်ရမယ်။ စည်းရုံးလှုပ်ရှားသူတွေဟာ ကျေးလက်တွေ အထိဆင်းဖို့၊ လူထုကိုရှင်းပြဖို့လိုတယ်။ မြို့ပေါ်နဲ့ တခြားပြည်သူတွေကို သူတို့ကရင်ဖွင့်စေရပါမယ်။ တိုင်တည်စေရပါမယ်။ ကျေးလက်နဲ့မြို့ပေါ် လူထုတွေအားလုံး လက်တွဲလာအောင်လုပ်ကြရပါမယ်။ အရင်ကငြိမ်းချမ်းရေးလှုပ်ရှားမှုတွေမှာ ဆရာတော်ကြီးတွေအပါအဝင် သံဃာတော်တွေ တက်တက်ကြွကြွပါဝင်ကြတာကိုလည်း မှတ်မိနေပါတယ်။

ဒါပေမဲ့ ဒီလိုတနိုင်ငံလုံးကလိုလားနေတဲ့၊ သာမာန်စစ်သားတွေတောင်လိုလားနေတဲ့၊ တကမ္ဘာလုံးကလည်းဖြစ်စေချင်တဲ့ ပြည်တွင်း ငြိမ်းချမ်းရေးကိုရအောင်လုပ်တာ လွယ်တယ်လို့ တော့ မထင်သင့်ပါဘူး။ ဒီနိုင်ငံရဲ့သမိုင်းမှာ ငြိမ်းချမ်းရေးစကားပြောလို့ အမတ် ဖြစ်ခဲ့သူတွေရှိသလို လေးလောင်းပြိုင်၊ ခြောက်လောင်းပြိုင် အသတ်ခံရတာတွေလည်းရှိခဲ့ပါတယ်။ ဒါတောင်မှ အဲဒါဟာဖဆပလလက်ထက် စစ်တပ် ကလုပ်တာတွေပါ။ စစ်အစိုးရတွေ လက်ထက်မှာသာဆိုရင် ဒီထက်အများကြီးပိုလက်သံပြောင်မယ်ဆိုတာ သံသယ ရှိစရာမလိုပါဘူး။ ဒီတော့ လူထုကြီးပါရပါမယ်။ ဗမာပြည်ရဲ့ အရေးကြီးတဲ့ ကိစ္စတွေမှာ လူထုကြီးမပါလို့ မဖြစ်ပါဘူး။ လူထုကိုအသိပေး၊ လူထုဆန္ဒနဲ့ လူထုအသံတွေကို အမြဲဖော်ထုတ်၊ ရှေ့တန်းတင်ပြီး လုပ်ကြဖို့လိုပါတယ်။

ကြားရတာနားထဲမှာ တမျိုးကြီးဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ဗမာပြည်ရဲ့အနေအထားကိုက ငြိမ်းချမ်းရေးရဖို့အတွက် တိုက်ပွဲဝင်ဖို့ လိုပါတယ်။ ဒါတရားပါ။ ✡✡✡✡✡

# ကချင်နဲ့ ဆွေးနွေးပွဲသက် အပစ်အခတ်ရပ်စဲရေး အလှမ်းဝေးနေဆဲပါ

**Mizzima ၊ ဩဂုတ်လ ၁ ။** ။ ကချင်လွတ်မြောက်ရေးအဖွဲ့နှင့်အစိုးရဘက်က စေလွှတ်လိုက်သော ကိုယ်စားလှယ်အဖွဲ့တို့ လဂျားယန်ကျေးရွာတွင် တနင်္လာနေ့က ဆွေးနွေးခဲ့ကြသော်လည်း ပြည်နယ် အဆင့်သာ ငြိမ်းချမ်းရေးလုပ်မည်ဆိုသည့်အတွက် အပစ်ခတ်ရပ်ရေး သဘောတူလက်မှတ်ရေးမှာ မရေမရာပင် ဖြစ်နေသေးသည်။

KIO ဒုစစ် ဦးစီးချုပ် ဗိုလ်မှူးချုပ်ဂွမ်မော်ဦးဆောင်သောငါးဦးပါအဖွဲ့နှင့် နယ်စပ်လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင် ဦးစီးသော ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ညှိနှိုင်းရေးအဖွဲ့မှ အဖွဲ့ဝင် ၃ ဦးတို့သည် အပစ်ခတ် ရပ်စဲရေးနှင့်ပတ်သက်ပြီး နှစ်နာရီခွဲခန့်ကြာ ကချင်ပြည်နယ်ဒေါ့ ဖုန်းယန်မြို့နယ်ခွဲတွင်းရှိ KIO ထိန်းချုပ်ရာ လဂျားယန်တွင် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

KIO က တနိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်ခတ်ရပ်စဲရေး တင်ပြထားချိန်တွင် အစိုးရဘက်ကတော့ ပြည်နယ်အဆင့်သာ ငြိမ်းချမ်းရေးကို ဆက်လက် ဆုတ်ကိုင်ထားသည်။ KIO ဒုစစ်ဦးစီးချုပ်ဗိုလ်မှူးချုပ်ဂွမ်မော်ဦးဆောင်သော ငါးဦးပါ အဖွဲ့နှင့် နယ်စပ် လုံခြုံရေး ဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင် ဦးစီးသော ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ညှိနှိုင်းရေးအဖွဲ့မှ အဖွဲ့ဝင် ၃ ဦးတို့သည် လဂျားယန်တွင် နှစ်နာရီခွဲခန့်ကြာ ဆွေးနွေးခဲ့သည်၊

KIO က တင်ပြထားသော တနိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်ခတ်ရပ်ဆိုင်းရေးနှင့် နိုင်ငံရေးအရ ဆက်လက်ဆွေးနွေးရေးတို့နှင့်ပတ်သက်ပြီး ဆက်လက်၍ မျက်နှာချင်းဆိုင် ဆွေးနွေးရန်သာ သဘောတူညီခဲ့ကြသည်ဟု KIO တွဲဘက်အတွင်းရေးမှူးဦးလနန်ကပြောသည်။

" ဒီနေ့ တွေ့ဆုံမှုနဲ့တော့ လက်မှတ်ထိုးဖို့ မဖြစ်နိုင်သေးဘူး။ ဒီ့ထက်ပိုပြီး တွေ့ဆုံမှုတွေလုပ်ရအုန်းမယ်။ သူတို့ဘက် အပေါ်မူတည်ပါတယ်။ လက်မှတ်ထိုးဖို့က နိုင်ငံတည်ငြိမ်မှု ဘယ်လောက်ထိ လိုလားတယ်ဆိုတဲ့ အပေါ် မူတည်ပါတယ်"ဟု ဦးလနန်က ပြောသည်။ အစိုးရဘက်ကလည်း ပြည်နယ်အဆင့်သာ အပစ်ခတ် ရပ်စဲရန်သာဆက်လက် ဆုတ်ကိုင်ထားကြောင်း တွေ့ဆုံမှုတွင် ပါဝင်သော KIO တပ်မဟာ ၄ တာဝန်ခံ ဗိုလ်မှူးကြီးဇော်ရော်က ပြောသည်။ ဆွေးနွေးချက်များအထက်တင်ပြမည်ဟု အကြောင်းပြန်သွားသော အစိုးရကိုယ်စားလှယ်အဖွဲ့များက တနင်္လာနေ့တွင်ပင် မြစ်ကြီးနားသို့ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်သည်။

ယနေ့ တွေ့ဆုံမှုတွင်လည်း ဇွန်လ ၂၇ ရက်နေ့ကတည်းက ပြည်နယ် ဝန်ကြီးချုပ်ဦးလဂျွန်ငံဆိုင်းက ဖွဲ့စည်းထားသော ငြိမ်းညှိနှိုင်းအဖွဲ့ ၅ ဦးထဲမှ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်- ပမခ စစ်ဆင်ရေး ဗိုလ်မှူးကြီး ထွန်းထွန်းအုန်းနှင့် စစ်ဘက်ရေးရာဌာနမှ ဗိုလ်မှူးနိုင်လင်းတို့ ပါဝင်ခြင်းမရှိသေးပေ။

အစိုးရကိုယ်စားလှယ်များနှင့်လုံခြုံရေးတပ်ဖွဲ့များကို မြစ်ကြီးနားမြို့မှ လမ်းခရီး တဝက်ခန့်ရှိ ရွှေညောင်ပင်-ဂါးရာယန် ကျေးရွာအကြားရှိ ချောင်းတဖက်ခြမ်းမှ KIO ၏ လုံခြုံရေးတပ်ဖွဲ့များ လာရောက်ကြိုဆိုခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လ ၂၈ ရက်နေ့က KIO ဘက်မှ နှစ်ဘက် အပစ်အခတ် ရပ်ဆိုင်းရေး သဘောတူလက်မှတ် ရေးထိုးပြီးနောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင်းသို့ မြန်မာတပ်များ ထိုးစစ်ဆင်မှုများကို ရပ်သိမ်းပေးရန် ညွှန်ကြားချက် ထုတ်ပြန်ပေးရန်နှင့် ၁၅ ရက်အတွင်း တနိုင်ငံလုံး အပစ်အခတ်ရပ်ဆိုင်းပေးရေး နိုင်ငံရေး ဆွေးနွေးဖော်ဆောင်မည်ဆိုသော အချက်များကို မြန်မာအစိုးရက ထုတ်ပြန်ကြေငြာပေးရန် တောင်းဆိုထားသည်။

အစိုးရနှင့် KIO သဘောတူညီချက် လက်မှတ် ရေးထိုးထားသော စာချုပ်ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့်ရေးသား ထားစေလိုပြီး ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်အပေါ် သမ္မတဦးသိန်းစိန်အစိုးရ၏ သဘောထားကို ရှင်းလင်းစေရန် KIO ၏ စာတွင် ပါရှိခဲ့သည်။

---

## ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် ထိုင်းနိုင်ငံ အတည်ပြု

**DVB ၊ ဩဂုတ် ၅ ။** ။ ထိုင်းနိုင်ငံမှာ ၂၈ ယောက်မြောက် ဝန်ကြီးချုပ်နဲ့ တိုင်းပြည်ရဲ့ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်အဖြစ် ယင်္ဂလတ်ရှင်နာဝပ်ကို ထိုင်းပြည်သူ့လွှတ်တော်က သောကြာနေ့မှာ အတည်ပြုရွေးချယ်လိုက်ပါတယ်။

ပါလီမန်မှာ မဲခွဲဆုံးဖြတ်ရာမှာ ယင်္ဂလတ်ဟာ လိုအပ်တဲ့ မဲအရေအတွက် တဝက်ကျော်ရတဲ့အတွက် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်တဲ့အကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဆွမ်ဆတ်ကီရာဆူလာနွတ်ကကြေညာသွားခဲ့ပါတယ်။ ယင်္ဂလတ်ကို ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ဖို့အမတ်အရေအတွက် ၅၀၀ ရှိတဲ့ ထိုင်းလွှတ်တော်မှာ ထောက်ခံမဲ ၂၉၆ မဲ၊ကန့်ကွက်မဲ ၃ မဲ၊ ကြားနေမဲ ၁၉၇ မဲပေးရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ထိုင်းဘုရင်ဘူမိဘောရဲ့အတည်ပြုချက်ရယူပြီးရင်တော့ ယင်္ဂလတ်အနေနဲ့ မကြာခင်မှာ အစိုးရဖွဲ့သစ်စာရင်းနဲ့ အစိုးရအဖွဲ့သစ်လုပ်ကိုင်မယ့် မူဝါဒတွေကိုကြေညာဖို့ရှိနေပါတယ်။

တိုင်းပြည်ပြဿနာတွေဖြေရှင်းဖို့နဲ့ တခြားမူဝါဒတွေ ဆက်လက်ချမှတ်လုပ်ကိုင်ဖို့ ဒီအချိန်မှာ ပြည်သူတွေဟာ စောင့်မျှော်နေကြတာဖြစ် လို့ အစိုးရအဖွဲ့မြန်နိုင်သမျှ အမြန်ဆုံးဖွဲ့ဖို့ကြိုးစားသွားမယ်လို့ ယင်္ဂလတ်က သတင်းထောက်တွေကိုပြောကြားခဲ့ပါတယ်။

ထိုင်းနိုင်ငံမှာ ဇူလိုင် ၃ ရက်ကကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ယင်္ဂလတ်ရဲ့ ဖွေထိုင်းပါတီဟာ အဗိဆစ်ဝိချာချီဝ ခေါင်းဆောင်တဲ့ ဒီမိုကရက်ပါတီကို အပြတ်အသတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ အသက် ၄၄ နှစ်အရွယ် ယင်္ဂလတ်ရှင်နာဝပ်ဟာ အရင်က စီးပွားရေးလုပ်ငန်းရှင်တဦးဖြစ်ပြီး သူ့ရဲ့အစ်ကိုဖြစ်သူ ဝန်ကြီးချုပ်ဟောင်းသက်ဆင် ရှင်နာဝပ်ရဲ့ကိုယ်ပွားဖြစ်သူ နိုင်ငံရေးအတွေ့အကြုံမရှိသူ အဖြစ်ဝေဖန်ခံနေရသူဖြစ်ပါတယ်။

ခွန်ယင်္ဂလတ်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့တိုင်းပြည် ပြန်လည်ညီညွတ်ရေးရအောင်လုပ်မယ်လို့ ကြွေးကြော်ထားပါတယ်။ နိုင်ငံရေးမတည်ငြိမ်မှုတွေ နှစ်နဲ့ချီကြုံတွေ့နေရတဲ့ ထိုင်းနိုင်ငံမှာ တိုင်းပြည်ကို ပြည်လည်တည်ငြိမ်မှုရအောင်လုပ်ဖို့ ရွေးကောက်ပွဲမဝင်ခင်က ကတိပေးထားတဲ့အတိုင်း အနိမ့်ဆုံး လုပ်ခလစာတွေတိုးပေးဖို့ မပြေမလည်ဖြစ်နေတဲ့ ထိုင်း- ကမ္ဘောဒီးယားနယ်စပ်ပြဿနာကို ဆက်လက်ကိုင်တွယ်ဖြေရှင်းဖို့နဲ့ လူအများတိုက်တွန်းနေတဲ့အတိုင်း အစ်ကိုဖြစ်သူ သက်ဆင်ရဲ့ဩဇာ အောက်ကလွတ်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့လုပ်ဆောင်ဖို့ စတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရဖို့တွေရှိနေပါတယ်။

# မဟာမဲခေါင်ဒေသ နိုင်ငံများ ဗီဇာတခုတည်းစနစ်ကို ကျင့်သုံးမည်

**DVB၊ ဩဂုတ် ၅။** ။ မဟာမဲခေါင်မြစ်ဝှမ်းဒေသ ၆ နိုင်ငံဖြစ်တဲ့ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနဲ့ မြန်မာပါဝင်တဲ့ မဟာမဲခေါင်ဒေသ GMS - Greater Mekong Subregion ဝင် နိုင်ငံတွေအနေနဲ့ ဗီဇာတခုတည်း Single Visa စနစ်ကို ဒီနှစ်ကုန်ပိုင်းက စတင်အသုံးပြုနိုင်ဖို့ရှိနေပါတယ်။

လာမယ့် နိုဝင်ဘာလ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မြို့တော်မှာ ကျင်းပပြုလုပ်မယ့် မဟာမဲခေါင် ၆ နိုင်ငံခရီးသွားလုပ်ငန်း ဆွေးနွေးပွဲမှာ အဖွဲ့ဝင်နိုင်ငံတွေ ဆွေးနွေးဆုံးဖြတ်ဖို့ရှိနေတာလည်းဖြစ်ပါတယ်၊ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ဥက္ကဋ္ဌ ဇေကမ္ဘာဦးခင်ရွှေက အခုလိုပြောပြပါတယ်။

"အဲဒီလိုရအောင် ဆွေးနွေးနေတာပေ့ါ။ အရင့်အရင် မဟာမဲခေါင်အစည်းအဝေးတွေမှာလည်း အဲဒါပဲ ဆွေးနွေးနေကြတယ်။ ၂၀၁၅ မှာ သေချာပေါက်ကတော့ အာဆီယံဗီဇာသွားလိမ့်မယ်။ အားလုံးက agree လုပ်ပြီးသားတွေလေ။ နောက် အာဆီယံတနိုင်ငံလာရင် ကျန်တဲ့နိုင်ငံတွေအကုန် သွားလို့ရတဲ့ ဒါ ၂၀၁၅ မှာ ဖြစ်လိမ့်မယ်။ မဖြစ်ခင်မှာ ပထမအရစ် မဲခေါင်ဗီဇာပေ့ါ အဲဒါမျိုး ဖြစ်ကောင်းဖြစ်ကောင်း ဖြစ်သွားလိမ့်မယ်။

အဲဒါကတော့ ဆွေးနွေးချက်အပေါ်မှာမူတည်ပါတယ်။ အားလုံးကတော့ ဗီဇာကိုတနိုင်ငံရေးရင် ကျန်တဲ့နိုင်ငံပေးဖို့အတွက်ကိုတော့ ကြိုးစားနေကြတယ်။ အခုကိုက ကမ္ဘောဒီယား အင်္ဂဝပ် (angkor wat) နဲ့ ဒီပုဂံနဲ့ မုတ္တမပေ့ါလေ။ တိုးရစ်ဇရီယာဆိုပြီးတော့ အဲဒီက အန်ကယ်တို့ဆီက လေယာဉ်တွေဆွဲတာ Arrival Visa အဲဒီကစပြီးပေးနေပြီ။ အဲဒီက လာတဲ့လူတွေ ဗီဇာလျှောက်စရာမလိုဘူးပေ့ါ။"

ဒီလို Single Visa စနစ်ကို ကျင့်သုံးနိုင်ဖို့အတွက် အဖွဲ့ဝင်နိုင်ငံတွေ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ဖို့အတွက်ပါ ဒီဆွေးနွေးပွဲမှာ ဆုံးဖြတ်ကြဖို့ရှိတယ်လို့လဲ ဇေကမ္ဘာဦးခင်ရွှေကဆိုပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့လည်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ဝင် ဦးသက်လွင်တိုးက ...

"လောလောဆယ်တော့ ဗီဇာကို လုံးဝကြီးဖွင့်ပေးတာကတော့ ဖြစ်နိုင်ဦးမယ်မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆို ကျနော်တို့ လက်ရှိဝန်ကြီးရဲ့ သဘောထားကလည်း ခရီးသွားလုပ်ငန်းဆိုင်ရာ အဆောက်အုံတွေ အဆင်သင့်မဖြစ်သေးဘဲနဲ့ ဖွင့်လိုက်ရင်လည်း ကျနော်တို့ တခုခု ဧည့်သည်တွေအတွက် တခါဆက်ဆံဆယ်ခါလန်ဖြစ်သွားမှာလည်း စိုးတယ်။ အာဆီယံ Single Visa ကတော့ မြန်မာနိုင်ငံအနေအထား အရကတော့ ကျနော်သိပ်မထင်သေးဘူးပေ့ါ။ လုပ်ရင် ကမ္ဘောဒီးယားနဲ့ မြန်မာနဲ့ ဖြစ်ရင်ဖြစ်မယ်။ လေးကြောင်းလိုင်း Link ရှိတဲ့ နိုင်ငံ ၂ ခုကို ဗီဇာတခုတည်းပဲ လုပ်ချင်ရင်လုပ်မယ်ပေ့ါနော် ကျနော့်အမြင်ပေ့ါ။"

ဒီလို Single Visa စနစ် အသုံးပြုရေးနဲ့ပတ်သက်ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံတွေ လိုအပ်မှုတွေနဲ့အတူငွေကြေးလဲလှယ်မှုစနစ်တွေကို ပထမဆုံး ပြင်ဆင်သင့်တယ်လို့လည်းဝါရင့်ခရီးသွားလုပ်ငန်းရှင် အချို့ကဆိုပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့တဲ့ နိုင်ငံခြားခရီးသွား ၃ သိန်းကျော်ရှိခဲ့ပြီး နယ်စပ်ဝင်ပေါက်တွေက ဝင်ရောက်ခဲ့တဲ့ ခရီးသွားကတော့ ၅ သိန်းနီးပါး ရှိခဲ့ပါတယ်။ လက်ရှိ ၂၀၁၁ ခုနှစ်ရဲ့ ပထမဆုံး ၄ လအတွင်းမှာ နိုင်ငံခြား ခရီးသွား ၁ သိန်း ၄ သောင်းလောက် ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။

# ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဝိုင်းဝန်းကြိုးပမ်းကြဖို့ သံဃာတော်တွေနဲ့ ၈၈ မျိုးဆက်များ တိုက်တွန်း

**RFA၊ ဩဂုတ် ၅။** ။ ၈၈ အရေးတော်ပုံ ၂၃ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဒီကနေ့ သံဃာတော်တွေနဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေ ဆက်လက်ဖြစ်ပေါ်ဖို့ အတွက် ဝိုင်းဝန်းကြိုးပမ်းကြဖို့ တိုက်တွန်းလိုက်ပါတယ်။

၁၉၈၈ ခုနှစ်ကတည်းကစတင်ခဲ့တဲ့ ပြည်သူတွေရဲ့ ဒီမိုကရေစီတောင်းဆိုလှုပ်ရှားမှုကြီးဟာ ဒီကနေ့အထိ ဆက်လက်ချီတက်နေစဲဖြစ်ကြောင်း၊ ဒီကနေ့ အစိုးရသစ် ပေါ်ပေါက်လာပေမယ့် ဒီမိုကရေစီကို ဖော်ဆောင်ခြင်းမရှိကြောင်း၊ အစိုးသစ်အနေနဲ့ စေတနာမှန်တယ်ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးရမှာ ဖြစ်တယ်လို့သံဃာ့တပ်ပေါင်းစု ဆရာတော်တပါးဖြစ်တဲ့ ဦးဓမ္မသီရိက မိန့်ကြားပါတယ်။

"ရွေးကောက်ပွဲနဲ့တက်လာတဲ့ အစိုးတရပ် ပေါ်ပေါက်လာပြီ။ အဲဒီတော့ စစ်မှန်တဲ့ ဒီမိုကရေစီစံနှုန်းတွေနဲ့အညီ အုပ်ချုပ်ပါတယ်ဆိုလို့ရှိရင် အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရပါလိမ့်မယ်"

တဆက်တည်းမှာပဲ မြန်မာနိုင်ငံငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေအတွက် ဆောင်ရွက်သင်တဲ့ အချက်တွေကို ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ဒီနေ့ ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။ အဲဒီကြေညာချက်မှာ အချက် ၅ ချက်ဖော်ပြထားပြီး ပထမဆုံးအချက်အနေနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးအောင်ကြည်တို့ရဲ့ ဇူလိုင် ၂၅ ရက်နေ့က တွေ့ဆုံပွဲကို ကြိုဆိုထားပါတယ်။

ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့ရဲ့တွေ့ဆုံမှုကနေ တိုးတက်တဲ့လက္ခဏာတွေပြဖို့လိုအပ်တယ်လို့ ကြေညာချက်ကို တာဝန်ခံထုတ်ပြန်သူတဦးဖြစ်တဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ခေါင်းဆောင်တဦးဖြစ်တဲ့ ကိုစိုးထွန်းက RFA ကို ပြောပါတယ်။

ဒီနေ့ ကြေညာချက်မှာ ဦးသိန်းစိန်အစိုးရအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမှန်တကယ် လိုလားတယ်ဆိုတာ ပြသဖို့ နိုင်ငံရေးအကျဉ်းသားတွေအားလုံး အမြန်ဆုံးလွှတ်ပေးဖို့ လိုအပ်တယ်လို့လည်း ဖော်ပြထားပါတယ်။




# သတင်းပြန်ရှုမြင်

**ဂျူလိုင် ၃၁ I XNA ll** ll ပြည်တွင်း နိုင်ငံခြားငွေလဲလှည်ရေးဈေးကွက်ကို ငြိမ်သက်စျေးမှန်စေရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့် ညှိနိုင်းမည်။

**ဂျူလိုင် ၃၀ I Port Wayne News Sentinel- ll** ll မြန်မာမှ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုမျိုးမြင့်အား ရှေ့အပတ် ကုလဒုက္ခသည်များ ကွန်ဂရက်တွင် ရွေးချယ် တက်ရောက်ထွက်ဆိုခွင့်ပြုခဲ့ကြောင်း။

**ဩဂုတ် ၁ I News24's Africa ll** ll မလေးရှားနှင့် ဒုက္ခသည်လဲလှယ်ရေး ပို့ဆောင်ရေးအစီအစဉ်အရ ဒုက္ခသည်များအား မလေးရှားသို့ပို့ရေးတွင် ဩစတြေးလျားသည် လိုအပ်က အတင်းအကျပ်အင်အားသုံးမည်။

**ဂျူလိုင် ၃၁ I Assam Tribune ll** ll မြန်မာဖက်တွင် ခိုလှုံသည့် အိန္ဒိယမှ သူပုန်များကို အိန္ဒိယသို့ပြန်လည်နှင့်ထုတ်ရန် အိန္ဒိယသည် မြန်မာသို့ လမ်းပမ်းဆက်သွယ်ရေးဆိုင်ရာ အကူအညီများနှင့်ဆွယ်ရန် ဆုံးဖြတ်ခဲ့ကြောင်း။

**ဂျူလိုင် ၃၀ I Honolulu'S ll** ll လက်ရှိအမေရိကန်နိုင်ငံသား မြန်မာမှရှေ့နေနိုင်ငံရေးအကျဉ်းသားဟောင်း John Nyunt သည် ပထမအကြိမ်ဒုက္ခသည်ကွန်ဖရင့်တွင် ပြောကြားခွင့်ရသူ ၅၀ ဦးအနက် တဦးဖြစ်၏။

**ဩဂုတ် ၁ I Irrawaddy ll** ll ကြံ့ဖွံ့သည် ပါတီနာမည်အတွက် နိုင်ငံသားကပ်ပြားထုတ်ပေးရေးတွက် လျှော့ဈေးနှင့်ကူညီမည်ဟု တောင်ဥက္ကလာပ ကြံ့ဖွံ့ ကိုယ်စားလှယ် ရန်ကုန်မြို့တော်ဝန်ဟောင်း ဦးအောင်သိန်းလင်းမှ ကြော်ညာနေကြောင်း။

**ဩဂုတ် ၁ I KL-AP ll** ll မလေးရှားမှ တရားမဝင်လုပ်သားများအတွက်အကြီးဆုံးလွတ်ငြိမ်းချမ်းသာခွင့်အဖြစ် လူ ၂ သန်းခန့်အား မှတ်ပုံတင်စတင်လုပ်ပေး၏။

**ဩဂုတ် ၁ I Asian Correspondent ll** ll မြန်မာသည် ကုလသမဂ္ဂအပါအဝင် အထွေထွေဖိအားပေးမှုလိုအပ်ကြောင်း ဇင်လင်းမှ သတင်းသုံးသပ်တင်ပြ၏။

**ဩဂုတ် ၁ I CNN ll** ll လာအိုသံရုံး၏ တိုင်းတန်းချက်အရ ထိုင်းတောင်ပိုင်းတွင် ရဲများသည် လာအိုနှင့်မြန်မာမှ အမျိုးသမီး ၇၀ ဦးခန့်အား ပြည့်တန်ဆာလုပ်ငန်းမှ ဝင်ရောက်စစ်ဆေးပြီး လွှတ်ပေးလိုက်ကြောင်း။

**ဩဂုတ် ၁ I Mizzima ll** ll လာမည့် ပါလီမန်သစ်တွင် ဟောင်းနွမ်းဥပဒေများကို ပြင်ရေးအဆိုပြုရန် ဒီမိုကရေစီမိတ်ဆွေများပါတီမှ ပြင်ဆင်နေကြောင်း။

**ဩဂုတ် ၁ I Mizzima ll** ll ရှမ်းတပ် SSPP ၏ဌာနချုပ် ဝမ်ဟိုင်စခန်းအား ဝိုင်းထားသော နအဖတပ် ၁၄ ခုအနက် ၇ ခုအားရုပ်သိမ်းသွားကြောင်း **SSPP** ဆို၏။

**ဩဂုတ် ၁ I DVB ll** ll မေလတွင် ထောင်မှလွတ်လာသော စစ်စုံထောက်ဟောင်းများအား ဘာသာရေးလှုပ်ရှားမှုအချို့ကို ကန့်သတ်ထားဖွယ်ရှိကြောင်း။

**ဩဂုတ် ၂ I ND ll** ll ထမန်သီတွင် ရေအားလျှပ်စစ်ဓါတ်အာပေးစက်ရုံ(၁၂၀၀ မီဂါဝပ်)တည်ရေးတွင် လေလံဝင်ပြိုင်ရန် အိန္ဒိယမှ NHC သည်ပြင်ဆင်နေ၏။

**ဩဂုတ် ၂ I Cutting Edge ll** ll မြန်မာ နာဂစ် ဆိုင်ကလုံး အကူအညီငွေသုံးစွဲပုံများကို ပိုမိုတိကျစွာ စစ်ဆေးစဉ်စားသင့်ကြောင်း အမေရိကန်အကူအညီအဖွဲ့ USAID နှင့် GAO တို့မှဆို၏။

**ဩဂုတ် ၂ I The Diplomat ll** llမြန်မာအပေါ် စိုင့်ရှင်ပိတ်ပင်မှုများ ဆက်လက်သက်တမ်းတိုးခြင်းအား David Steinberg မှဆောင်းပါးဖြင့် ပစ်တင်ဝေဖန်၏။

**ဩဂုတ် ၂ I Irrawaddy ll** ll ဒေါ်အောင်ဆန်းစုကြည်အား ဆင်းရဲမှုပယ်ဖျက်ရေး နိုင်ငံအဆင့်ဆွေးနွေးပွဲသို့ ဖိတ်လိမ့်မည်ဟု ဦးနေဇင်လတ် (သမတအကြံပေးအဖွဲ့ဝင်) မှဆို၏။

**ဩဂုတ် ၂ I Irrawaddy ll** ll အစိုးရတပ်နှင့်နယ်ခြားစောင့်တပ်၏ နေ့စဉ်လိုလိုပစ်ခတ်နေသော မော်တာကျည်များကြောင့် လှိုင်းဘွဲ့မြို့နယ် ရွာများထိမှန်ကြောင်း KNLA မှဆို၏။

**ဩဂုတ် ၂ I Irrawaddy ll** ll NLD ၏ ကွန်ယက်အဖွဲ့များဖြစ်သော အမျိုးသမီးများအဖွဲ့၊ NLD လူငယ်၊ ဒေါ်ဖြူဖြူသင်းအဖွဲ့၊ ဦးအေးသာအောင်ဦးစီးသည့် တိုင်းရင်းကွန်ယက်အဖွဲ့စသည့်အဖွဲ့များသည် ချို့တဲ့လိုအပ်သူများ၊ ဆွံ့အနားမကြားကျောင်းများသို့အစားအစာနှင့်အဝတ်အထည် ကူညီမှုများစတင်လုပ်နေ၏။

**ဩဂုတ် ၂ I Mizzima ll** ll ဗဟိုအစိုးရသည် တိုင်းနှင့်ပြည်နယ်အမတ်များနှင့် အာဏာခွဲဝေမှုမရှိသလောက်နည်းကြောင်း တိုင်းနှင့်ပြည်နယ်များမှဆို၏။

**ဩဂုတ် ၂ I DVB ll** ll Nation branding ခေါ် နိုင်ငံတနိုင်ငံအပေါ် သုံးသပ်မှုစနစ်အရကြည့်လျှင် မြန်မာသည် အောင်မြင်မှုမရှိ နိမ့်ကျဆုံးရှုံးနေကြောင်း ကျွမ်းကျင်သူပညာရှင်အချို့မှသုံးသပ်၏။

**ဩဂုတ် ၂ I DVB ll** ll နယ်ခြားတိုက်ပွဲများကို တိုးချဲ့စစ်ဆင်မည်ဟု ဒီကေဘီအေမှ ဆို၏။

**ဩဂုတ် ၃ I Phillipine Star ll** ll မဟာမဲခေါင်းဖြနိုင်ငံသည် ဒေသတွင်း ဗီဇာတခုနည်း နှင့် ပြည်ဝင်ထွက်နိုင်ရန် စီစဉ်နေ၏။

**ဩဂုတ် ၃ I Irrawaddy ll** ll နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးနှင့် တိုင်းရင်းဒေသတွင်း အပစ်အခတ်ပြဿနာများအရေးတို့ကို ဩဂုတ် ၂၂ တွင် စတင်မည့်လွှတ်တော်တွင် အဆိုပြုမည်ဟု ဦးသိန်းညွန့်( ) မှဆို၏

**ဩဂုတ် ၃ I SITTWE ll** ll စစ်တွေ တက္ကသိုလ်တွင် ကျောင်းသား ၄၀၀ ခန့်သည် အငှားကားခမြှင့်ခြင်းကို အသံတိန်ဆန္ဒပြခဲ့၏။

**ဩဂုတ် ၃ I Mizzima ll** ll ဒေါ်အောင်ဆန်းစုကြည်သည် ရွေးကောက်ပွဲနိုင်ငံရေးတွင် ပိုမိုလှုပ်ရှားသင့်ပြီး အဲန်အဲလ်ဒီသည် ပိုမိုလက်တွေ့ကျသင့်ကြောင်း NUP မှ ဦးဟန်ရွှေမှ တိုက်တွန်း၏။

**ဩဂုတ် ၃ I Mizzima ll** llတိုင်းရင်းသားလူမျိုးစုများကောင်စီ ENC မှ ဒေါ်အောင်ဆန်းစုကြည်အား တိုင်းရင်းလက်နက်ကိုင်အဖွဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ညှိနိုင်းသူအဖြစ် ဆောင်ရွက်ရန် ဆက်လက်တိုက်တွန်း၏။

**ဩဂုတ် ၃ I Taiwan news ll** ll မြန်မာဆိုင်ရာအမေရိကန်၏ အထူးကိုယ်စားလှယ်နှင့် မူသဘော ညှိနှိုင်ရေးထိပ်ဆုံးအရာရှိအဖြစ်တာဝန်ယူရန် အာရှပစ္စဖစ်ဆိုင်ရာ ဝါရင့်ကာကွယ်ရေးအရာရှိဖြစ်ခဲ့သူ Derek Mitchell အား အထက်လွှတ်တော်မှ သဘောတူထောက်ခံလိုက်၏။ **စာမျက်နှာ ၁၃ သို့**

# အစိုးရမှ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးခြင်းမရှိတဲ့အပေါ် ကင်တားနားဝေဖန်

**VOA ။ ဩဂုတ်လ ၁ ။ ။** မြန်မာအစိုးရသစ် အနေနဲ့ အရေးအကြီးဆုံးက နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့ ဖြစ်တယ်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Ban Ki-moon က ပြောဆိုလိုက် ချိန်မှာပဲ မြန်မာ နိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးအထူးစုံစမ်းစစ်ဆေးသူTomas Ojea Quintana ကလည်း သမ္မတ ဦးသိန်းစိန် အစိုးရအနေနဲ့နိုင်ငံရေး အကျဉ်းသားတွေနဲ့ပတ်သက်ပြီး အမှန်တကယ် ဘာမှလုပ်ဆောင်ပေး တာမျိုး မတွေ့ရသေးဘူးလို့ ပြောကြားလိုက်ပါတယ်။ အပြည့်အစုံကို မစ္စတာ ကင်တားနားနဲ့ ဆက်သွယ် မေးမြန်းထားတဲ့ ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက မြန်မာ နိုင်ငံအကျဉ်းထောင်တွေထဲက နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော် ကို ပြန်ပြီးလွှတ်ပေးဖို့အတွက် သောကြာနေ့မှာနိုင်ငံခြားရေးဝန်ကြီး ဦး ဝဏ္ဏမောင်လွင်ကိုပြောဆိုခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေထဲက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ ဖြစ်ကြတဲ့ ကိုမင်းကိုနိုင်နဲ့ ကိုကိုကြီးအပါအဝင် ၉ ဦးရဲ့ မိသားစုဝင်တွေကလည်း သူတို့တွေ မတရား ပြစ်ဒဏ်ကျခံနေရတာတွေကို ပြန်ပြီး စိစစ်ပေးနိုင်အောင် မြန် မာအစိုးရသစ်အဖွဲ့ကို တင်ပြဖို့အတွက် ကြိုးပမ်းနေကြပါတယ်။

ဒီနိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်ပြီး နိုင်ငံတကာက လည်း သူတို့ကို ပြန်ပြီးလွှတ်ပေးဖို့အတွက် အကြိမ်ကြိမ်တောင်းဆို ခဲ့ကြတာပါ။ ဒါပေမဲ့ မြန်မာအာဏာပိုင်တွေဘက်က အခုထိ ဘာမှလုပ် ဆောင်ပေးတာမျိုးမတွေ့ရသေးဘူးလို့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံ လူ့ အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာတောမတ်စ်အိုဟေး ကင်တားနားက ပြောပါတယ်။

"အခုချိန်ထိ မြန်မာအာဏာပိုင်တွေဘက်က နိုင်ငံရေးအကျဉ်း သားတွေနဲ့ ပတ်သက်ပြီး အမှန်တကယ် ဘာမှလုပ်ဆောင်ပေးတာမျိုး မရှိသေးပါဘူး။ တက်လာတဲ့ အစိုးရသစ်အဖွဲ့ အနေနဲ့ သူတို့ကို ဆက်ပြီး ချုပ်နှောင်ထားစရာအကြောင်း မရှိပါဘူး။ သူတို့ကို ပြန်ပြီး လွှတ်ပေးဖို့ ကမ္ဘာတဝန်းကရော၊ ပြည်တွင်းကပါမကျန် ဆက်နွှယ်ပတ်သက်နေသူ အားလုံးက တောင်းဆိုခဲ့ကြတာပါ။

"ဒါပေမဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မကြာသေးခင်ကပဲ ထုတ်ဖော်တောင်းဆိုချက်တွေ၊ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာလူ့ အခွင့်အရေး အထူးကိုယ်စားလှယ်အဖြစ် ကျနော်တောင်းဆိုထားတာ တွေနဲ့ အာဆီယံအဖွဲ့ဝင်တွေရဲ့ တောင်းဆိုချက် အားလုံးကို အစိုးရသစ် အဖွဲ့က အခုချိန်ထိမတုံ့ပြန်သေးပါဘူး။" လို့ ပြောသွားပါတယ်။

ဒါ့အပြင် စစ်အစိုးရလက်ထက် တရားရေးစနစ်ကို ပြန်ပြီး ပြုပြင် ပေးဖို့၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဘဝ ရှင်သန်လာအောင် အစိုးရ သစ်က လုပ်ဆောင်ပေးဖို့လည်း ပန်ကြားလိုက်ပါတယ်။

"နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဘဝတွေ ရှင်သန်လာဖို့အတွက် လုပ်ရပ်တွေကို အစိုးရသစ်အဖွဲ့က လုပ်ဆောင်လာမယ်လို့ ကျနော် ယုံကြည်မျှော်လင့်ထားသလို လုပ်ပေးပါလို့လည်း ကျနော်ပန်ကြားချင် ပါတယ်။ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် ပေးဖို့တွေနဲ့ စတင်ပြီး တရားရေးစနစ်ကို ပြန်လည် ပြုပြင်ပေးဖို့ပါ။ စစ်အစိုးရ လက်ထက်က တရားရေးစနစ်မှာ တရားသူကြီးတွေအဖို့ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် မရှိခဲ့တဲ့အတွက် အခုအစိုးရသစ်အနေနဲ့ ဒီကိစ္စကို အရေးတကြီးချက် ချင်းလုပ်ဆောင်ပေးဖို့ကျနော်အကြံပြုချင်ပါတယ်။"လို့ပြောပါတယ်။

မစ္စတာ ကင်တားနားအနေနဲ့ မြန်မာနိုင်ငံကို နောက်တကြိမ် လာရောက်နိုင်ဖို့အတွက် အစိုးရသစ်အဖွဲ့နဲ့ ဆွေးနွေးညှိနှိုင်းနေပြီး လာ ရောက်ခွင့်ရခဲ့ရင် ဒီအကျဉ်းသားတွေအတွက် အဓိကလုပ်ဆောင်ဖို့ရှိ တယ်လို့လည်း ဆိုပါတယ်။

"နိုင်ငံရေး အကျဉ်းသားတွေ အားလုံးအတွက် တရားရေးဆိုင်ရာ တိုင်ပင်ခွင့်တွေရဖို့လိုပါတယ်။ ဒါ့အပြင် ဒီအကျဉ်းသားတွေရဲ့ ကျန်းမာ ရေးနဲ့ စားသောက်နေထိုင်ရတဲ့ အခြေအနေတွေအတွက် ကျနော် သိပ်ကိုစိုးရိမ်ပါတယ်။ တချို့ဆို မိသားစု ထောင်ဝင်စာတွေ့ခွင့်မပေး တာမျိုးတွေရှိနေတာမို့ မိသားစုနဲ့တွေ့ခွင့်တွေလည်း ပေးဖို့လိုပါတယ်။ တကယ်လို့ ကျနော်နောက်တခေါက် မြန်မာနိုင်ငံထဲကို ပြန်ပြီးသွားခွင့် သာရလာခဲ့ရင် ဒီကိစ္စဟာ ကျနော့်အရေးတကြီး လုပ်ရမယ့် အလုပ်တွေ ဖြစ်ပါတယ်။" လို့ ပြောသွားပါတယ်။

မြန်မာနိုင်ငံကို လာရောက်ခွင့်ရဖို့ အာဏာပိုင်တွေနဲ့ ဆွေးနွေး ညှိနှိုင်းနေမှုတွေအတွက် အပြုသဘောဆောင်တဲ့ တုံ့ပြန်ချက်တွေ ရ ထားတာမို့ မကြာခင်လတွေအတွင်းမှာပဲ လာရောက်နိုင်မယ်လို့ မျှော် လင့်ထားကြောင်းလည်း မစ္စတာကင်တားနားက ပြောကြားခဲ့ပါတယ်။

# ပြည်နယ်ဝန်ကြီး ရာထူးမှ နုတ်ထွက်

**Mizzima ။ ဩဂုတ်လ ၂ ။** ။ အစိုးရသစ်ဖြစ်ပေါ်ပြီးရက်ပေါင်း ၁၂၀ ခန့်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး နုတ်ထွက်ပြီဖြစ်ကြောင်း ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

ယခုကဲ့သို့ နုတ်ထွက်ခြင်းသည် အစိုးရအဖွဲ့ ဝန်ကြီးများအကြား ပထမဆုံးအကြိမ် နုတ်ထွက်ခြင်းလည်း ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ မိမိသဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ် ထွက်ခွင့် ပြုလိုက်ခြင်းဖြစ်သည်ဟု သမ္မတဦးသိန်းစိန်က ဩဂုတ်လ ၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့သည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ တဖြစ်လည်း ရှမ်းပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီးဦးစိုင်းအိုက်ပေါင်းက" ဘာ ကြောင့်ဆိုတာတော့ ကျနော်မသိရဘူး။ " ဟု ဆိုကာ ဖုန်းချသွားခဲ့ သည်။ ဦးသောင်းရွှေသည် ကြံ့ခိုင်ရေးပါတီကိုယ်စားပြု၍ ကလောမြို့ နယ် မဲဆန္ဒနယ် အမှတ် ၁ ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်ယှဉ်ပြိုင်အနိုင်ရခဲ့သည်။ ဖေဖော်ဝါရီလ ၁၄ ရက် ပထမ အကြိမ် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ကဝန်ကြီးခန့်အပ်ရန်အဆိုပြုခံရကာ စီးပွားရေးဝန်ကြီးဖြစ်လာခဲ့သည်။

ယင်းနောက် သမ္မတအမိန့်ဖြင့် ဇူလိုင်လ ၁ ရက်နေ့မှစ၍ စီမံ ကိန်းနှင့်စီးပွားရေးဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခံရသူဖြစ် သည်။ တိုင်းနှင့် ပြည်နယ်အစိုးရများတွင် ပြည်နယ်ဝန်ကြီးများအနေ ဖြင့် လုပ်ပိုင်ခွင့်မရဘဲ ဗဟိုအစိုးရကသာ ချုပ်ကိုင်ထားမှုကြောင့် ဝေဖန် မှုများထွက်နေချိန်နှင့်လည်း တိုက်ဆိုင်နေသည်။



# သတင်းတိုထွာဖတ်စရာ

## ချင်း တွင်းမြစ်ပေါ်က စီမံကိန်းများ

မီဂါဝပ် ၁၂၀၀ ထွက်ရှိမယ့် ထမန်သီးရေအားလျှပ်စစ်စီမံကိန်းနဲ့ မီဂါဝပ် ၆၀၀ ထွက်ရှိမယ့် ရွှေဇေယာရေအားလျှပ်စစ် စီမံကိန်းများကို စတင်အကောင်အထည်ဖော်တော့မှာဖြစ်တယ်လို့ အိန္ဒိယမှ hydro power developer NHPC Ltd က ဆိုပါတယ်။ ဒီစီမံကိန်းတွေဟာ မြန်မာနိုင်ငံအထက်ပိုင်း ချင်းတွင်းမြစ်ပေါ်မှာရှိတာဖြစ်ပါတယ်။ (Reuters - 31 July,2011)

## ဖိနပ်မပါသူ ကားပေါ်တက်

အချုပ်ကား ၅ စီးနဲ့ ဂိတ်အပြင်မှ စောင့်ပြီး ဖိနပ်မပါသူ အားလုံးကို ကားပေါ်ဆွဲတင် ဖမ်းဆီးလိုက်ပါတယ်။ ကိုယ်စီးတဲ့ဖိနပ်နဲ့ ကွင်းလယ်ဘောလုံးသမားတွေကို ပစ်ပေါက်မိလို့ အချုပ်ကားပေါ်ရောက်သွားတဲ့ သူဘယ်လောက်များသလဲဆိုတာ အတိအကျမသိပေမယ့် ကွင်းအတွင်းရောက်လာတဲ့ ဖိနပ်အအရေအတွက် ၇၀၀ ကျော်ရှိလို့ အချုပ်ကားပေါ်ကို ကိုယ့်ဒေါသနဲ့ကိုယ်ဖြစ်မိသူတွေ ၇၀၀ ကျော် အချုပ်ကားပေါ်ကို ပါသွားပါလေရော့ဗျာ၊ ဒေါသထွက်တိုင်းမကောင်းဘူးနော်။ (VOB - 31 July,2011)

## အသံကောင်းဟစ်နေတာ ရပ်ကြတော့

မြန်မာ့အရေး ကုလအထွေထွေအတွင်းရေးမှူးချုပ်အပါအဝင် အာဆီယံခေါင်းဆောင်တွေဟာ သတင်းမီဒီယာကတဆင့် ဟန်ချက်ညီညီ အသံကောင်းဟစ်နေတာတွေကို ရပ်တန်းကရပ်ကြဖို့လိုပါပြီ။ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Mr.Quintana ရဲ့ အဆိုပြုချက်ဖြစ်တဲ့ Commission of Inquiry ကို အောင်မြင်အောင်အကောင်းဆုံးပံ့ပိုးကူညီသင့်ကြောင်း ဦးဇင်လင်းဆောင်းပါးမှ ဝေဖန်လိုက်သည်။ (Asian Correspondent -1 August,2011)

## အိန္ဒိယမှ အကူအညီပေးမည်

ရန်ကုန်မြို့ရှိ ကလေးဆေးရုံအပါအဝင် အထွေထွေဆေးရုံကြီးများမှ လိုအပ်ချက်များ ဆေးဝါးများ၊ လေ့ကျင့်သင်ကြားပေးမှုများကို အကူအညီပေးမှာဖြစ်တယ်လို့အိန္ဒိယအစိုးရက ပြောပါတယ်။ ကျန်းမာရေးဝန်ကြီး ဖေသက်ခင်နှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသံအမတ်ကြီး Villur Sundararajan Seshadri တို့ဆွေးနွေးကြပြီးတဲ့နောက် အခုလို အိန္ဒိယအစိုးရက ကျန်းမာရေးအတွက် အကူအညီပေးမယ့်အကြောင်း ပြောတာဖြစ်ပါတယ်။ (Xinhua - 3 August,2011)

## မြန်မာမှ VIRUS အများဆုံးထုတ်လုပ်

အမေရိကန်မှ အင်တာနက်နည်းပညာလုပ်ငန်းကြီးတခုဖြစ်တဲ့ Akamai က နောက်ဆုံးထုတ်ပြန်လိုက်တဲ့ အင်တာနက်အခြေအနေ အစီရင်ခံစာမှာ အင်တာနက်လမ်းကြောင်းပေါ် တိုက်ခိုက်ရေး လွှတ်တင်မှုများ Attack Traffic မှာ မြန်မာနိုင်ငံက အမြင့်ဆုံးနိုင်ငံဖြစ်လာနေကြောင်း ဖော်ပြလိုက်ပါတယ်။ အင်တာနက်သုံးစွဲသူ အရေအတွက်နည်းပါးပြီး မြန်နှုန်းနှေးကွေးလွန်းတယ်လို့ လူသိများတဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာတဝှမ်းအင်တာနက်ပေါ်ကို Attack Traffic လုပ်မှုဟာ ၁၃ ရာခိုင်နှုန်းမြစ်ဖျားခံလို့ ထိပ်ဆုံးကဖြစ်ကြောင်း ဖော်ပြလိုက်တာဖြစ်ပါတယ်။ (Mizzima - 1 August ,2011)

## အထူးကိုယ်စားလှယ်ခန့်အပ်လိုက်ပြီ

မြန်မာ့အရေးဆောင်ရွက်ဖို့အတွက် အမေရိကန် ကိုယ်စားလှယ်ကို လွှတ်တော်မှ အတည်ပြုပေးလိုက်ပါပြီ။ အာရှအရေးကျွမ်းကျင်သူ အမေရိကန် အထူးကိုယ်စားလှယ် Derek Mitchell ဟာ သံအမတ်ကြီးအဆင့်နဲ့ တူညီတဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်မှာဖြစ်ပါတယ်။ အထက်တန်းကာကွယ်ရေးအရာရှိဖြစ်ခဲ့သူ Derek Mitchell သည် မြန်မာ့ဒီမိုကရေစီရေး အထူးအလေးပေးဆောင်ရွက်မှာဖြစ်တယ်လို့ဆိုပါတယ်။ (AP - 3 August,2011)

## နောက်ဆုံးတော့ တပ်ချုပ်ဟာ တပ်ချုပ်ပါပဲ

ဦးသိန်းစိန်ကို သမတရာထူးခန့်ထားပေမယ့် အာဏာပါဝါကို တကယ့်ပိုင်ဆိုင်နေသူဟာ တပ်ချုပ်ကြီးသာဖြစ်တယ်လို့ ဆိုပါတယ်။ တိုင်းပြည်အမှုကိစ္စမှန်သမျှကို တာဝန်ခံရာမလိုပဲ မြေအောက်လှိုင်ဂူအတွင်းမှ အမိန့်ပေးလုပ်းဝနေတဲ့ တပ်ချုပ်ကြီးဟာ သူ့တပည့်ရင်း ဗိုလ်ချုပ်မင်းအောင်လှိုင်းကို လူမြင်ကွင်းထုတ်ထားပြီး နောက်ကနေ အမိန့်ပေးအုပ်ချုပ်နေတာပါ။ သမတဦးသိန်းစိန်အနေနဲ့ သူလုပ်ချင်သော စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ နိုင်ငံရေးအကျဉ်းသားများလွှတ်ငြိမ်းချမ်းသာခွင့်ပေးရေးစတဲ့ကိစ္စတွေမှာ တပ်ချုပ်ကြီးရဲ့အမိန့်နဲ့ ရှေ့မတိုးနိုင်ပါ။ သမတဦးသိန်းစိန်ဟာ ဟန်ပြသမတဦးသာဖြစ်ပြီး ဒုသမတ ဗိုလ်ချုပ်တင်အောင်မြင့်ဦးက ဗိုမိုအစွမ်းထက်ပုံရတယ်လို့ သုံးသပ်သူတွေလည်းရှိပါတယ်။ (VOB - 1 August,2011)

## ဝန်ကြီးကို မယားကြီးက ဘိမ်းပစ်ဖမ်း

ပြည်နယ် ဝန်ကြီးဦးသောင်းရွှေကို မယားကြီးမှ ဘိန်းပစ်ဖမ်းတဲ့အမှု ဖန်တီးလိုက်ပါတယ်။ မယားငယ်အိမ်သွားနေတဲ့ ဦးသောင်းရွှေကို မယားကြီးက လိုက်သွားပြီး ဘိန်းနဲ့ရာဘဆေးတွေကို အိမ်ခြံထဲမှာပစ်ထားပြီး ရဲကိုအကြောင်းကြားဖမ်းဆီးလိုက်တာပါ။ ဒါပေမယ့် အမှုမမြောက်ပဲ လုပ်ကြံဖန်တီးမှုကို ရဲကဖော်ထုတ်လိုက်နိုင်လို့ ဦးသောင်းရွှေတယောက် ထောင်အတွင်းသို့ မဝင်လိုက်ရပဲ ချမ်းသာရာရလိုက်တယ်လို့ဆိုပါတယ်။ ကိုယ်ကျင့်တရား မခိုင်မာသူများကို ရာထူးမှ ထုတ်ပယ်ပစ်ရပါမှ ဘယ်မှာ ဝန်ကြီးတွေ ရှိပါတော့မည်နည်းလို့ ဆိုရပါတော့မှာပါ။ (VOB - 4 August,2011)

# ရှစ်လေးလုံး ကျောင်းသားခေါင်းဆောင်တွေ နှစ်ရှည်ထောင်ဒဏ် အယူခံဝင်မည်

**VOA ၊ ဩဂုတ်လ ၁ ။ ။** စစ်အစိုးရလက်ထက်က မိသားစု မျက်ကွယ်မှာ ရှေ့နေမပါဘဲ နှစ်ရှည်ထောင်ဒဏ်တွေ ချခံထားရတဲ့ ၈၈ ကျောင်းသား ခေါင်းဆောင် ၉ ဦးရဲ့ ပြစ်ဒဏ်တွေကို အစိုးရသစ်အနေနဲ့ ပြန်သုံးသပ်ပေးဖို့ ဥပဒေအကျိုးဆောင်တွေနဲ့ မိသားစုဝင်တွေ ပြင်ဆင်နေကြပါတယ်။ ပြန်လည်ချေပခွင့်မရှိတဲ့ တရားခွင်ကနေချမှတ်ထားတဲ့ ပြစ်ဒဏ်တွေဟာ တရားမျှတမှု ရှိမရှိဆိုတာကို အစိုးရသစ်တရားရုံးတော်မှာ ပြန်လည်ဆန်းစစ်ပေးဖို့ တင်ပြမှာဖြစ်ပါတယ်။ အပြည့်အစုံကို မသီဂီ ထိုက်က တင်ပြပေးထားပါတယ်။

ရွှေဝါရောင် သံဃာ့လှုပ်ရှားမှုအပြီးမှာ ဖမ်းဆီးခံခဲ့ရတဲ့ ၁၉၈၈ ခုနှစ် ကျောင်းသားလှုပ်ရှားမှု ခေါင်းဆောင်တွေ ဖြစ်ကြတဲ့ ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့အပါအဝင် ၉ ဦးကို စစ်အစိုးရက ၂၀၀၈ ခုနှစ်မှာ ထောင်ဒဏ် ၆၅ နှစ် ၆ လစီ ချမှတ်ခဲ့တာပါ။ တရားစီရင်တဲ့ တရားခွင်မှာမိသားစု တွေတက်ရောက်ခွင့်မရခဲ့သလို ရှေ့နေတွေလည်းလိုက်ပါ ဆောင်ရွက်ခွင့်မရခဲ့တဲ့အတွက် မတရားဖမ်းဆီးချုပ်နှောင်ပြီး စီရင်တာလို့လည်း ရှေ့နေတွေကပြောဆိုကြပါတယ်။ ဒါကြောင့် ဒီဖမ်းဆီးချုပ်နှောင်မှုက နေထွက်ပေါ်လာတဲ့ ပြစ်ဒဏ်အမိန့်တွေရဲ့ တရားမျှတမှု ရှိမရှိဆိုတာကို အစိုးရသစ်တရားရုံးတော်က ပြန်လည်စစ်ဆေးပေးဖို့ မိသားစုဝင်တွေက ပြင်ဆင်နေကြတာဖြစ်တယ်လို့ ဥပဒေအကျိုးဆောင် ဦးအောင်သိန်းက ပြောပါတယ်။

"အစိုးရလည်းပြောင်းပြီ၊စနစ်အသစ်တခုနဲ့လည်းသွားနေပြီပေ့ါ၊ ဒီလိုအခြေအနေမျိုးမှာ သူတို့အပေါ်မှာ ချထားတဲ့ ပြစ်ဒဏ်တွေဟာ မတရားပြစ်ဒဏ်ခံရတယ်လို့ သူတို့က ယူဆတယ်၊ ခံစားတယ်။ အဲဒီလို မတရား ပြစ်ဒဏ်ခံရတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ကျနော်တို့ဘက်က ဘယ်လိုတရားရုံးပေါ်မှာ အရေးယူဆောင်ရွက်နိုင်မလဲဆိုတာ ပြန်စဉ်းစားတာပေ့ါ။"

နှစ်ပေါင်း ၂၀ ကျော် နိုင်ငံအာဏာကို ချုပ်ကိုင်ခဲ့တဲ့ စစ်အစိုးရကနေ အာဏာလွှဲပြောင်းရယူလိုက်တဲ့ အရပ်သားအစိုးရရဲ့ တရားရုံးတော်မှာ ဒီ နှစ်ရှည်ထောင်ဒဏ်တွေကို ပြန်သုံးသပ်ပေးရေး တင်ပြဖို့ နိုင်ငံရေး အကျဉ်းသားမိသားစုတွေက ပြင်ဆင်နေကြဆဲဖြစ်တယ်လို့ ထောင်ဒဏ် ၆၅ နှစ် ကျခံနေရတဲ့ ၈၈ ကျောင်းသားခေါင်းဆောင် မသင်းသင်းအေး ခေါ် မမီးမီးရဲ့ မိသားစုဝင်တဦးက အခုလို ပြောပါတယ်။

"ဦးအောင်သိန်းနဲ့အကျိုးအကြောင်း သွားပြီးတော့ ရှေ့နေရှေ့ရပ်ကိစ္စတွေ မေးမြန်းတယ်။ ပြီးရင် ဦးအောင်သိန်းက ဘယ်လိုအကြံဉာဏ်ပေးမလဲ၊ အဲဒီအပေါ်မှာ ကျနော်တို့ ဘာဆက်လုပ်မလဲ၊ အဲဒီ လောက် အကြမ်းဖျင်းပဲ ကျနော်တို့ သိထားတယ်။"

၈၈ ကျောင်းသားတွေကို ဝတ္တရားနှောင့်ယှက်မှု၊ အီလက်ထရောနစ်ဥပဒေနဲ့ အမှု ၄ မှု၊ မတရားအသင်းနဲ့ဆက်သွယ်မှု စတဲ့ အမှုတွေနဲ့ ၂၀၀၈ ခုနှစ်မှာ စစ်အစိုးရက ထောင်ဒဏ် ၆၅ နှစ်စီ ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီ တရားရုံးဆုံးဖြတ်ချက်မှာ မတရားတဲ့ အထောက်အထားတွေ ရှိနေတယ်လို့လည်း ဥပဒေ အကျိုးဆောင်ဦးအောင်သိန်းက အခုလို ပြောပါတယ်။

"အင်းစိန်ထောင်ထဲမှာ ထောင်ဒဏ် ၆ လ ချလိုက်တဲ့အခါ သူတို့က ပြည်သူ့ဝန်ထမ်းကို ဝတ္တရားနှောင့်ယှက်တယ်ဆိုပြီးထောင်ဒဏ် ၆ လ ကျတယ်။ ပြီးတော့ သူတို့ကို ရောဝတီတိုင်း မအူပင်ခရိုင် အထူးတရားရုံးကို ရွှေ့ပြီး အဲဒီမှာစစ်တယ်။ အဲဒီမှာ စစ်တဲ့အခါ ရှေ့နေလည်း မပါဘူး၊ မိသားစုနဲ့လည်း ဆက်သွယ်လို့ မရဘူး။ သူတို့ကလည်း ဘာမှ ပြန်လှန်မမေးဘူး။ ဆိတ်ဆိတ်ငြိမ်တာဝန်ခံတာပဲဆိုတဲ့ သဘောမျိုးလုပ်ပြီးတော့ အကုန်လုံးပြစ်ဒဏ်တွေ ချပစ်လိုက်တာပေ့ါဗျာ။

"အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေ ၃၃(ဃ) နဲ့ ၄ မှုဆွဲထုတ်တယ်။ ပုဒ်မ ၆ နဲ့ ပတ်သက်ပြီး ၅ နှစ်ချတယ်။ အဲဒီမှာတင် ၆၅ နှစ် ဖြစ်နေပြီ။ ပထမ ၆ လနဲ့ဆို ၆၅ နှစ်နဲ့ ၆ လပေ့ါဗျာ။ ဒါတွေ ဟာ မတရားဖမ်းဆီးချုပ်နှောင်ခြင်း ခံရတာကနေ စပြီးတော့ ပေါ်ပေါက်လာတဲ့ ပြစ်ဒဏ်တွေဖြစ်တဲ့အတွက် အဲဒါတွေကို ကျနော်တို့က ပြန်လှန်ဖော်ထုတ်ပြီး တရားလွှတ်တော်ချုပ်မှာတက်ပြောဖို့စဉ်းစားကြတာပါ။"

နှစ်ရှည်ထောင်ဒဏ်ကျခံနေရတဲ့ ၈၈ ကျောင်းသားတွေရဲ့ ပြစ်ဒဏ်တွေကို ပြန်လည်သုံးသပ်ပေးရေး တရားရုံးတော်ကို စာတင်နိုင်ဖို့ အတွက် အခုတော့ မိသားစုဝင်တွေနဲ့ရှေ့နေတွေ၊ ဥပဒေအကျိုးဆောင်တွေ တိုင်ပင်ဆွေးနွေးနေကြဆဲဖြစ်ပါတယ်။

မနေ့ကတော့ နှစ်ရှည်အကျဉ်းကျ နိုင်ငံရေးအကျဉ်းသားတဦး ဖြစ်တဲ့ ကိုရဲမြတ်ဟိန်းရဲ့နေအိမ်မှာ လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေ၊ အကျဉ်းကျ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်၏တွေနဲ့ ဥပဒေအကျိုးဆောင်တွေ တက်ရောက်ပြီး စစ်အစိုးရလက်ထက် တရားစီရင်ရေးအနေအထားတွေကို ဆွေးနွေးခဲ့ကြပြီးလက်ရှိ နိုင်ငံရေးအကျဉ်းသားအားလုံးရဲ့ ထောင်တွင်းအခြေအနေတွေကိုလည်းဆွေးနွေးခဲ့ကြပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့ကတော့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း (Ban Ki-moon) က မြန်မာအစိုးရသစ် နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်ကို တယ်လီဖုန်းနဲ့ ဆက်သွယ်ပြီးမြန်မာအစိုးရသစ်အနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာမှာ နိုင်ငံတကာအသိုင်းအဝိုင်းက မျှော်လင့်ထားတဲ့ အရေးကြီးဆုံးလုပ်ငန်းတရပ်အဖြစ်နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးရေးတိုက်တွန်းထားပါတယ်။

---

**စာမျက်နှာ ၄ မှ**

ကားခတက်တာကို လက်မခံနိုင်ကြောင်း ဆန္ဒထုတ်ဖော်ပြသကြတယ်လို့ သိရပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီက ဦးအောင်မြကျော်က အခုလို ပြောပါတယ်။

"၁၂ နာရီ ၁ နာရီလောက်ကနေ ကျောင်းသား ကျောင်းသူ အယောက် ၃၀၀ လောက် တန်းစီပြီးတော့ ကျောင်းကနေ မြို့ထဲလွှတ်တော်ရုံးအထိ လမ်းလျှောက်ဆန္ဒပြကြတာပေ့ါ။ မနေ့ကတော့ကျောင်းဝင်းထဲမှာပဲဖြစ်ကြတာပေ့ါ။ အဲဒီ အငှားကားသမားတွေနဲ့ကျောင်းသားတွေ ဆရာ ဆရာမတွေနဲ့ ပြဿနာ တက်ကြတာပေ့ါ"

ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ ကျောင်းသား ၁၀ ယောက်လောက်နဲ့ ဆရာ၊ ဆရာမတွေ အစည်းအဝေးထိုင်ပြီး ဖြေရှင်းဖို့ ကြိုးစားခဲ့ကြ ပေမယ့်လည်း ပြေလည်မယ့် အဖြေတစ်စုံတစ်ရာ မထွက်လာသေးဘူးလို့ သိရပါတယ်။ ဆန္ဒပြ ကျောင်းသားတွေကတော့ နေ့လည်ပိုင်း ချီတက်အပြီးမှာ အေးအေးချမ်းချမ်းလူစုခွဲလိုက်ကြတယ်လို့ သိရပါတယ်။

# ငွေစက္ကူ ကျပ် ၅၀၀၀ တန်အတုများကို ဖြန့်ဖြူးမှုဖြင့် ၆ ဦးဝိုက်ကို ဖမ်းဆီး

**Mizzima | ဩဂုတ်လ ၄ ။** ။ ငွေစက္ကူ ကျပ် ၅၀၀၀ တန် အတုများကို ဖြန့်ဖြူးသူဟု ရဲက ယူဆထားသည့် အဖွဲ့ တဖွဲ့ကို မြန်မာနိုင်ငံမြို့ ၃ မြို့တွင် တပြိုင်တည်း ဖမ်းဆီးခဲ့ပြီးနောက် ကရင်ပြည်နယ် ဘားအံမြို့ရှိ ခရိုင်အဆင့် တရားရုံးတွင် စစ်ဆေးကြားနာမှုများ စတင်ပြုလုပ်နေကြောင်း စုံစမ်းသိရှိရသည်။

မန္တလေး၊ မြဝတီနှင့် သထုံမြို့များတွင် အမျိုးသား ၆ ဦးကို ကျပ် ၅၀၀၀ တန် ငွေစက္ကူ အတုများနှင့်တကွ ဒေသခံ ရဲများက ဖမ်းဆီးခဲ့ပြီး ဘားအံ ခရိုင်တရားရုံး၌ ဩဂုတ်လ ၄ ရက် ကြာသာပတေးနေ့က စစ်ဆေးနေခြင်းဖြစ်ကြောင်း ဘားအံခရိုင် တရားရုံးရှေ့နေတဦးက မဇ္ဈိမသို့ ပြောသည်။ ၎င်းတို့ အပေါ် ငွေစက္ကူအတု ဖြန့်ဖြူးမှု၊ သုံးစွဲမှု၊ လက်ဝယ် တွေ့ရှိမှုတို့ဖြင့် တရားစွဲဆိုထားပြီး အဖမ်းဆီးခံ တရားခံများဖက်မှ ရှေ့နေငှားရမ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်းလည်း ၎င်းက ပြောသည်။

မြန်မာ-ထိုင်းနယ်စပ်မြို့ တခုဖြစ်သော မြဝတီမြို့တွင် ဂိုဒေါင်အတွင်းမှ ဂုံနီအိတ်ဖြင့် ထည့်ထားသော ငွေစက္ကူအတုများ တွေ့ရှိခဲ့သည်ဟု လုံခြုံရေး သတင်းရပ်ကွက်များက ပြောသည်။

ဘားအံခရိုင် တရားရေး သတင်းရပ်ကွက်တခုကတော့ ငွေစက္ကူအတု အမှုတွင် မြဝတီကုန်သည်ကြီးများအသင်းဝင် ဒေါ်သင်းသင်းမြတ်၏ လက်ရင်း တပည့်တဦးပါဝင်သည်ဟု ပြောသည်။

မြဝတီကုန်သည်ကြီးများအသင်းဒုဥက္ကဋ္ဌဒေါက်တာမောင်မောင်လေးက ဒေါ်သင်းသင်းမြတ်အနေဖြင့် အသင်း၏ အပတ်စဉ်အစည်းအဝေးသို့တတ်ရောက်ခြင်းမရှိသည်မှာ ၃ ပတ်ရှိနေပြီဖြစ်ကြောင်းမဇ္ဈိမကို ပြောသည်။ မြန်မာနိုင်ငံတွင် သုံးစွဲနေသည့် ငွေစက္ကူများတွင်တန်ဖိုးအကြီးဆုံးဖြစ်သည့် ၅၀၀၀ ကျပ်တန်များကို မြန်မာနိုင်ငံ ဗဟိုဘဏ်မှ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်ဖြန့်ဖြူးခဲ့သည်။

ယခုနှစ်ထဲတွင် ၅၀၀၀ ကျပ်တန် ငွေစက္ကူအတုများ မကြာခဏဖမ်းဆီးရမိကြောင်း သတင်းဖေါ်ပြချက်များတွင် တွေ့ရသည်။ ဇူလိုင်လ ပိုင်းကရန်ကုန်တိုင်းကျောက်တံတားမြို့နယ်မြန်မာနိုင်ငံသားများဘဏ် Myanmar Citizens Bank –MCB ရုံးချုပ်တွင် ၅၀၀၀ တန် ငွေအတုများ တွေ့ရှိခဲ့သလို၊ ထိုင်း-မြန်မာနယ်စပ် မယ်လဒုက္ခသည်စခန်းတွင် ပမာဏ ကျပ်သိန်း ၃၀ ခန့်ရှိသည့် ၅၀၀၀ ကျပ်တန် ငွေစက္ကူအတုများဖမ်းဆီးရမိခဲ့သည်။

ငါးထောင်တန် ငွေစက္ကူအတုတွင် ဖောင်းကြွစာလုံး သုံးမထားပဲ တပြင်တည်း ဖြစ်နေသည်ဟု သိရသည်။ အစစ်၌မူ ဂဏန်းစာလုံး ၅၀၀၀ မှာဖောင်းကြွဖြစ်ပြီး လက်ဖြင့်ပွတ်ကြည့်ရုံနှင့်သိရှိနိုင်သည်ဟုဆို၏။ ထို့အပြင် ငါးထောင်တန်အစစ်တွင်ပါဝင်သော ငွေကြိုးမှာ အပြားကြီးပြီး အတု၏ငွေကြိုးမှာ အလွန်သေးငယ်သည် ဟုသိရသည်။

ငွေစက္ကူအတုလုပ်သူသည် ထောင်ဒဏ် တသက်အထိအပြစ်ပေးနိုင်ပြီး အတုမှန်းသိလျက် သုံးစွဲရန်ကြံရွယ်ကာ လက်ဝယ်ထားပါက ထောင်ဒဏ် ၇ နှစ်အထိ အပြစ်ပေးနိုင်သည်ဟု မြန်မာနိုင်ငံဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

## ပြက္ခဒိန်မှ

**ဩဂုတ် ၄ | Assam Tribune ။** ။ အစိုးရခြင်းပူးပေါင်းမှုရှိသော်လည်း အိန္ဒိယနှင့်မြန်မာတို့သည် သူပုန်များနယ်ခြင်းဖြတ်မှုကို အောင်မြင်စွာ မတားနိုင်ကြောင်း။

**ဩဂုတ် ၄ | Asian Correspondent ။** ။ အပစ်အခတ်ရပ်စဲရေးကိုတိုက်တွန်းနေကြသော်လည်း ကချင်ပြည်တွင် စစ်ရာဇဝတ်မှုများဆက်လက်ဖြစ်ပေါ်နေ၏။

**ဩဂုတ် ၄ | Jakarta Globe ။** ။ မြန်မာသည် အာဆီယံအလှည့်ကျ သဘာပတိဖြစ်သင့်မသင့်ရေး သုံးသပ်ရန် အင်ဒိုနီးရှားဦးဆောင်သည့် အဖွဲ့သည် မြန်မာသို့ကွင်းဆင်းမည်ဖြစ်ပြီး၊ ယင်းမှ မြန်မာ၏ ပြည်တွင်းပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီလမ်းကို လျှောက်နေမှုကို သက်သေပြမှုအပေါ်အခြေခံကြောင်း။

**ဩဂုတ် ၄ | Irrawaddy ။** ။ ဒေါ်အောင်ဆန်းစုကြည်နှင့်အလုပ်သမားဝန်ကြီးဦးအောင်ကြည်တို့တွေ့ဆုံခဲ့မှုကို ၈၈၈၈ ကျောင်းသားအဖွဲ့မှကြိုဆိုကြောင်း။

**ဩဂုတ် ၄ | Irrawaddy ။** ။ မေလတွင် လွတ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့သူ ဟစ်ဟော့အဆိုတော် ဇေယျာသော်သည် ဩဂုတ် ၆ ရန်ကုန်၊ ကန်တော်ကြီးတေးဂီတပွဲတွင် သီဆိုခွင့်ပိတ်ပင်ခံခဲ့ရ၏။ သူသည် Generation Wave တည်ထောင်သူဖြစ်၏။

**ဩဂုတ် ၄ | Mizzima ။** ။ အဲန်အဲလ်ဒီပါတီအား နိုင်ငံရေးပါတီအဖြစ်မှ ဖြုတ်ခြင်းကိုမကြေနပ်၍ အဲန်အဲလ်ဒီသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ ယခုအပတ်အတွင်း အယူခံရန်အသင့်ရှိကြောင်း။

**ဩဂုတ် ၄ | Mizzima ။** ။ CRPP သည် ဒေါ်အောင်ဆန်းစုကြည်နှင့် အလုပ်သမားဝန်ကြီးဦးအောင်ကြည်တို့တွေ့ဆုံမှုကို သုံးသပ်ဆွေးနွေးမည်။

**ဩဂုတ် ၄ | DVB ။** ။ အရွယ်မရောက်သေးသေူများအား အဓမ္မစစ်သည်အဖြစ်၄င်း လိင်ပိုင်းဆိုင်းရာအဖြစ်၄င်း အလွဲသုံးစားပြုမှု နိုင်ထက်စီးနင်းမှုများ မြန်မာတွင် များပြားကြောင်း။

**ဩဂုတ် ၄ | AP ။** ။ မြန်မာသို့ Rosoboron Export မှတဆင့်မှာယူသော MIG-29 တိုက်လေယဉ်အစီး ၂၀ ရောင်းရေးကို ရုရှသည် အပြီးသတ်နေကြောင်း။

**ဩဂုတ် ၅ | WTN Post ။** ။ တရုတ်ဆောက် ရေအားလျှပ်စစ်စက်ရုံမှ လုပ်သားတင်ကားအား ကချင်သူပုန်များပစ်ခတ်၍ ၇ ဦးသေဆုံးကြောင်း မြန်မာအစိုးရ သတင်းများမှ ဆို၏။

**ဩဂုတ် ၅ | Philippine Star ။** ။ မြန်မာပြည်တွင်း အစိုးရနှင့်တိုင်းရင်းသူပုန်ပေါင်းစုံ တိုက်ခိုက်ပစ်ခတ်မှုများ ပိုမိုကျယ်ပြန့်လာနေကြောင်း။

**ဩဂုတ် ၅ | Gulf News ။** ။ နိုင်ငံအုပ်ချုပ်သူများ၏ ဖိနှိပ်မှုအဓမ္မကြံစည်မှုများကိုမခံနိုင်၍ အိန္ဒိယတွင် ခိုလှုံနေသူမြန်မာပြည်တိုင်းရင်းသားသုံးသိန်းခန့်ရှိကြောင်း။

**ဩဂုတ် ၄ | Moscow News ။** ။ နေပြည်တော် မြေအောက်ရထားဖောက်ရေးကို ရုရှကုမ္ပဏီမှ ရရှိခဲ့ဖွယ်ရှိ၏။

**ဩဂုတ် ၅ | MAE HONG SON ။** ။ မဲဟောင်ဆောင်တွင်ရေကြီးမှုများကြောင့် မယ်လစသည့်မြန်မာဒုက္ခသည်စခန်းများ အိမ် ၄၀၀ ခန့်ပျက်စီးခဲ့ကြောင်း။

**ဩဂုတ် ၅ | Irrawaddy ။** ။ ကြံ့ဖွံ့ပါတီသည် ထိုင်းမှ ကားအစီး ၅၀၀၀ တင်သွင်းခွင့် လိုင်စင် ရရှိခဲ့၏။

**ဩဂုတ် ၅ | Mizzima ။** ။ ကြံ့ဖွံ့ပါတီဝင်အချို့အား လုပ်အားအတွက် လခမဟုတ်ပဲ စတိုင်ပင်ငွေပေးကြောင်း ကြံ့ဖွံ့အတွင်းရေးမှူး ဦးဌေးဦးမှ ဆို၏။

**ဩဂုတ် ၅ | Mizzima ။** ။ မုံရွာ မိုင်းရောင်းခြင်းမှ အိုင်ဗင်ဟိုး(ကနေဒါ)သည် ဒေါ်လာ ၁၀၃ သန်းရကြောင်း။

**ဩဂုတ် ၅ | DVB ။** ။ တိုက်ပွဲများဖြစ်လျှင်ရွာများအားမီးရှို့မည်ဟု ရှမ်းတပ်အား နအဖတပ်များမှဆို၍ ဒေသခံများ ဖြတ်လေးဖြတ်အလုပ်ခံရမည်ကို စိုးရိမ်နေ၏။

# မြန်မာအစိုးရတပ်တွေ ဝမ့်ဟိုင်းက ဆုတ်ခွာသွားပေမယ့် အေးချမ်းပုံမရသေး

**VOA ၊ ဂျူလိုင် ၃၁ ။ ။** ရှမ်းပြည်တိုးတက်ရေးပါတီ (SSA/SSPP) အခြေစိုက်ရာ ဝမ့်ဟိုင်းဒေသကနေ မြန်မာအစိုးရတပ်တွေ ဆုတ်ခွာ သွားပေမဲ့ နယ်မြေအေးချမ်းမယ့်အသွင် မဆောင်သေးဘူးလို့ SSPP ခေါင်းဆောင်တွေက ပြောပါတယ်။ ၁၈ ရက်လောက်ကြာအောင် ဖြစ်ပွားခဲ့တဲ့တိုက်ပွဲအတွင်းမှာ မြန်မာစစ်တပ်ဘက်က အထိအခိုက်များတဲ့အပြင် တပ်ကနေထွက်ပြေးတဲ့ စစ်သားတွေရှိနေတယ်လို့လည်း ပြောဆိုမှုတွေရှိနေပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် နိုင်ကွန်းအိန်က တင်ပြပေးထားပါတယ်။

ရှမ်းပြည်တိုးတက်ရေးပါတီ ဝမ့်ဟိုင်းဌာနချုပ်ကို ဝိုင်းပတ် ပိတ်ဆို့ထားတဲ့ မြန်မာစစ်တပ်တချို့ဟာ ဇူလိုင် ၂၉ ရက်နေ့မှာ တပ်ကို ရုပ်သိမ်းသွားတယ်လို့ ရှမ်းပြည်တိုးတက်ရေးပါတီ ခေါင်းဆောင်တွေက ပြောပါတယ်။ ဒါပေမဲ့ အခုလို မြန်မာစစ်တပ်ကနေ ဆုတ်ခွာသွားခဲ့ပြီလို့ ဆိုပေမဲ့ နယ်မြေအေးချမ်းသွားတဲ့အသွင် မရှိသေးသလို မြန်မာစစ်တပ်တွေအနေနဲ့ ပြန်လည်ပြင်ဆင်မှု အခြေအနေကြောင့် ဆုတ်ခွာရတယ်လို့ ရှမ်းပြည်တိုးတက်ရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလက ပြောပါတယ်။

"သူတို့ ဆုတ်သွားတာ နယ်မြေအေးချမ်းတာတော့ မဆောင်သေးဘူး။ သူတို့ဘက်ကလည်း နည်းနည်းပြန်ပြင်ဆင်မှုတော့ ရှိတာပေါ့။ကျနော်တို့ဘက်ကလည်း နည်းနည်းပြန်ပြင်စရာတွေရှိတာလည်း ပြင်ဆင်ထားတာရှိတယ်။ လူနာတွေပို့မယ်၊ လူနာတွေပို့ပြီးတော့ဒီတပ်က အထိနာတယ်ဆိုတော့ တခြားတပ်တွေအစား ထိုးပြီး ပြန်လာတိုက်မယ်ပေါ့။ အဲဒီသဘောမျိုးပဲ ကျနော်တို့ သုံးသပ်ထားတယ်။"

ဝမ့်ဟိုင်းဒေသကနေ ရုပ်သိမ်းသွားတဲ့ တပ်တွေဟာ မိခင်တပ်ရင်းနဲ့ တာဝန်ကျရာ ဒေသကို ပြန်လည်ရောက်ရှိသွားပြီလို့ ဗိုလ်မှူးစိုင်းလက ပြောပါတယ်။ ရှမ်းပြည်တောင်ပိုင်း ကျေးသီးမြို့နယ်ဘက်က ဝမ့်ဟိုင်းဒေသဘက်မှာ ဇူလိုင်လ ၁၁ ရက်နေ့ကစပြီးမြန်မာစစ်တပ်နဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ အကြားမှာ တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီလို ရက်သတ္တ ၂ ပတ်ကျော်ဖြစ်ခဲ့တဲ့ တိုက်ပွဲတွေမှာ ရှမ်းပြည်တပ်မတော်ရဲ့ ခြုံခိုတိုက်ခိုက်မှုကြောင့် မြန်မာစစ်တပ်ဘက်ကနေထိခိုက်မှုများသလို တိုက်ပွဲအတွင်း တပ်ပြေးတွေ ရှိနေတယ်လို့ရှမ်းပြည်တိုးတက်ရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလကပြောပါတယ်။

"သူတို့ တပ်ပြေးလည်းများတယ်၊ ဒဏ်ရာရတဲ့သူလည်း များတယ်၊ ကျဆုံးတဲ့သူလည်းများတယ်။ ဒါကြောင့် ရှေ့ဆက်မတိုးနိုင်ဘူး။ နောက် တပ်ပြေးက ၆၀ ကျော် ရှိတယ်ခင်ဗျ။ တချို့လည်း ကျနော်တို့ဆီရောက်တယ်။ တချို့လည်း မရောက်သေးဘူးပေါ့။ အဲဒါလည်း ကျနော်တို့ သတင်းမလွှင့်ဘူးလေ။"

မြန်မာစစ်တပ်ဟာ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို လက်မခံတဲ့ မြောက်ပိုင်းရှမ်းပြည်တပ်မတော်လို့ ခေါ်တဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ ဌာနချုပ်ကို တပ်အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်ခဲ့ပေမဲ့ ဇူလိုင်လ ၁၈ ရက်နေ့ကစပြီး ထိုးစစ်တွေ ရပ်တန့်သွားခဲ့ပါတယ်။ အထိုင်ချ နေရာယူပုံစံကနေ အခုလို တပ်တွေရုပ်သိမ်းသွားခဲ့ပါတယ်။

ရှမ်းပြည်တိုးတက်ရေးပါတီ တပ်မတော်တွေကလည်း ကျေးသီးမြို့နယ်ထဲကအပြင် မိုင်းယန်၊ မိုင်းပန်၊ သီပေါ၊ ကျောက်မဲမြို့နယ်တွေဘက်မှာလည်း တိုက်ပွဲတွေ ပုံဖော်ခဲ့တယ်လို့ ဗိုလ်မှူး စိုင်းလက ပြောပါတယ်။ ဇူလိုင်လ ၁၁ ရက်ကနေ စဖြစ်ပွားခဲ့တဲ့ နှစ်ဘက်တိုက်ခိုက်မှုတွေကြောင့် ရှမ်းပြည်နယ်အတွင်းက ဒေသခံပြည်သူ ၂,၀၀၀ ခန့် စစ်ဘေးလွတ်ရာကို တိမ်းရှောင်နေရပြီး တချို့ဆိုရင် တောတောင်၊ တောင်ယာတွေထဲမှာဖြစ်သလိုနေထိုင်နေကြရတယ်လို့ရှမ်းအမျိုးသား လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့တွေက ပြောပါတယ်။

ဒီလို တိုက်ပွဲတွေ ဖြစ်ပွားနေတဲ့ ကြားကပဲ မြန်မာစစ်အာဏာပိုင်တွေက ဇူလိုင်လ ၂၅ ရက်နေ့မှာ သံဃာတော် ၂ ပါးကို စေလွှတ်ပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးဖို့အတွက် ရှမ်းပြည်တပ်မတော်ကို ကမ်းလှမ်းလာခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ဟာ တရားဝင်ပုံစံမဟုတ်ဘူးဆိုပြီး ရှမ်းပြည်တပ်မတော်ဘက်ကနေ ပြောဆိုခဲ့ပါတယ်။ အခုလို မြန်မာစစ်တပ်တွေအနေနဲ့ ဝမ့်ဟိုင်းဌာနချုပ်ကို ထိုးစစ်ဆင်နေရာကနေ တပ်ကို ရုပ်သိမ်းသွားတာဟာ မြန်မာစစ်တပ်ထဲမှာ အပြောင်းအလဲတခုခုရှိနိုင်တယ်ဆိုပြီး ပြောဆိုမှုတွေရှိနေပေမဲ့လည်း အတည်ပြုချက်တော့ မပေးနိုင်သေးပါဘူး။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပါအဝင်တိုင်းရင်းသားနိုင်ငံရေးပါတီ ခေါင်းဆောင်တွေက နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ကို တိုက်တွန်းမှုတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာအစိုးရဘက်ကတော့ ဒီကနေ့ထိတိုင် အကြောင်းပြန်တာမရှိသေးဘူးလို့တိုင်းရင်းသားနိုင်ငံရေးပါတီ ခေါင်းဆောင်တဦးက ပြောပါတယ်။

# အမေရိကန်အမျိုးသမီးကို နှင်ထုတ်

**RFA ၊ ဩဂုတ်လ ၁ ။ ။** တာချီလိတ်မှာ ဒီမိုကရေစီရေး စာရွက်စာတမ်း ဖြန့်ချိခဲ့မှုနဲ့ အမေရိကန်အမျိုးသမီးတဦးကို မြန်မာအာဏာပိုင်တွေက ဖမ်းဆီးပြီး ထိုင်းနိုင်ငံကို ပြန်လည်နှင်ထုတ်ခဲ့တယ်လို့သိရပါတယ်။

Joy Agner ဆိုသူ အမေရိကန်အမျိုးသမီးက သူဟာ ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံအပါအဝင် မြန်မာ့ဒီမိုကရေစီရေးနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေကို တာချီလိတ်မြို့မှာ ဖြန့်ချိခဲ့တဲ့အတွက် အဖမ်းခံရတာလို့ ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံတွေကို အငှားမော်တော်ဆိုင်ကယ်တွေမှာကပ်ခဲ့တာနဲ့ စားသောက်ဆိုင်တွေမှာ မြန်မာ့ဒီမိုကရေစီရေးနဲ့ ပတ်သက်တဲ့ မဂ္ဂဇင်းစာအုပ်တွေကို ချထားခဲ့တာတွေကြောင့် အဖမ်းခံခဲ့ရတာဖြစ်ကြောင်း၊ ဘယ်သူ တဦးတယောက်ကိုမှ အန္တရာယ်မဖြစ်စေလိုတဲ့အတွက် လက်ထဲကို ဝေငှပေးတာမျိုး မလုပ်ခဲ့ကြောင်း၊ သူ့ကို တာချီလိတ်မြို့မှာ ပြီးခဲ့တဲ့လ ၁၆ ရက်နေ့က ဖမ်းဆီးပြီး ၁၈ရက်နေ့မှာ ထိုင်းနိုင်ငံဘက်ကို ပြန်လည် နှင်ထုတ်ခဲ့ကြောင်းပြောပါတယ်။

Joy Agner ဟာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ ပြည်ပရောက်မြန်မာရဟန်းတော်တချို့ ဖွင့်လှစ်ထားတဲ့ The Best Friend စာကြည့်တိုက်ကနေ မြန်မာ့ဒီမိုကရေစီရေးနဲ့ ပတ်သက်တဲ့ စာရွက်စာရွက်တမ်းတွေ ယူဆောင်သွားပြီး ဖြန့်ချီခဲ့တာလို့ ပြောပါတယ်။ သူဟာ ဒီမိုကရေစီရေး လူ့အခွင့်အရေးတွေနဲ့ပတ်သက်ပြီး ဂွာတီမာလာ၊ ဂါနာနဲ့ လိုင်ဘေးရီးယား စတဲ့နိုင်ငံတွေက ဒုက္ခသည်စခန်းတွေကိုလည်း သွားရောက်လေ့လာခဲ့ပါတယ်။

# အကျင့်ပျက် ခြစားမှုတွေ လျော့ပါးရေးအတွက် အချိန်ယူရမည်ဟု ဦးမြင့်ပြောဆို

## တိုင်းပြည်အကျိုးအတွက် ပေးထားတဲ့အာဏာကို ကိုယ်ကျိုးအတွက်သုံးတာဟာ အကျင့်ပျက် ခြစားမှုပဲ

**VOA ၊ ဩဂုတ်လ ၃ ။ ။** မြန်မာနိုင်ငံမှာ စနစ်တခုကနေ တခုကို ကူးပြောင်းနေတဲ့အချိန်ကာလဖြစ်တာမို့ နိုင်ငံတွင်း အကျင့်ပျက်ခြစားမှု လျော့ပါးရေးအစီအစဉ်တွေ အောင်မြင်ဖို့ရာ အချိန်ယူရလိမ့်ဦးမယ်လို့ စီးပွားရေးပညာရှင်လည်းဖြစ်၊ နိုင်ငံတော်သမ္မတရဲ့ စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် တဦးလည်းဖြစ်တဲ့ ဦးမြင့်က ပြောလိုက်ပါတယ်။အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီမှာလုပ်တဲ့ ဆွေးနွေးပွဲတခုအတွင်း ဦးမြင့်က အဲဒီလိုပြောသွားတာပါ။ အကျင့်ပျက် ခြစားမှုတိုက်ဖျက်ရေးကို ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားနဲ့ အစားထိုးပြီး အချိန်ယူလုပ်ဆောင်သွားရမယ်လို့လည်းဆိုပါတယ်။ အပြည့်အစုံကို ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

ဩဂုတ်လ ၃ ရက်နေ့၊ ရန်ကုန်က အမျိုးသားဒီမိုကရေစီ အင်အား စု (NDF) ရုံးမှာလုပ်တဲ့ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို တက်ရောက် ပြီးတော့ ဦးမြင့်က အခုလိုမှတ်ချက်ပေးပြောဆိုတာပါ။ အကျင့်ပျက်ခြစားမှု လျော့ပါးရေးအတွက် နိုင်ငံတော်အနေနဲ့ ဘာတွေဆောင်ရွက်သင့်သလဲဆိုတာကို အကြံပြုဆွေးနွေးသွားတယ်လို့ NDF ခေါင်းဆောင် ဦးခင်မောင်ဆွေက ရှင်းပြပါတယ်။

"စီးပွားရေးအမြင်ကနေပြီးတော့ သီအိုရီနောက်ခံနဲ့ ဆွေးနွေးသွားတာပါပဲ။ အကျင့်ပျက်ခြစားမှုဟာ ဘာ၊ ဘယ်လိုပုံစံကြောင့် ပေါ်လာရတယ်၊ ဘယ်လိုအကြောင်းအရာတွေပေါ်မှာ တည်မှီပြီးတော့ဖြစ်လာရတဲ့ဟာမျိုးဖြစ်တယ်၊ နောက်ပြီးတော့ဒါတွေဟာ ဘယ်လိုကိစ္စတွေကြောင့် အကျင့်ပျက်ခြစားမှုဟာ ဆက်ဖြစ်နေရသလဲဆိုတဲ့ သီအိုရီပေါ်မှာပဲ သူဆွေးနွေးသွားတာ ဖြစ်ပါတယ်။

"ဥပမာဆိုပါတော့ဗျာ၊ လောဘကြောင့် အကျင့်ပျက်ခြစားရတာ၊ လိုအပ်ချက်ကြောင့် အကျင့်ပျက် ခြစားရတာ နှစ်မျိုးရှိတယ်ပေါ့ဗျာ၊ ဒါမျိုးတွေပေါ့။ ဘယ်နိုင်ငံမှာမဆို ဒီလိုဖွံ့ဖြိုးပြီး နိုင်ငံတွေမှာလည်းပဲ အကျင့်ပျက်ခြစားမှုက ရှိနိုင်တယ်၊ အကျင့်ပျက်ခြစားမှုကို အဆုံးတိုင်နှိပ်ကွပ်လို့တော့ မရဘူးပေါ့ဗျာ။ ထိန်းနိုင်သိမ်းနိုင်တဲ့ အနေအထားအထိရောက်အောင် ဆွဲချရမယ်၊ ဒါမျိုးပဲ သူပြောပါတယ်။"

သူက လက်ရှိလည်း နိုင်ငံတော်သမ္မတရဲ့ စီးပွားရေးဆိုင်ရာ အကြံပေးတဦးဖြစ်နေတဲ့အခါကျတော့ လက်ရှိအစိုးရရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအမံတွေနဲ့ ပတ်သက်လို့ရော ပြောပြလားခင်ဗျ။ ကျေနပ်အားရမှု ရှိမရှိပေါ့၊ သူ့အမြင်လေး ပြောပြသေးလားခင်ဗျ။

"သူက ဒီလို နိုက်နိုက်ချွတ်ချွတ် အစိုးရယန္တရားထဲကို ဝင်ပြီး ဝေဖန်တာမျိုး လုပ်မသွားပါဘူး။ စနစ်ပြောင်းတဲ့နေရာမှာ အကျင့်ပျက်ခြစားမှုကို လျော့ပါးသွားအောင်၊ ထိန်းကွပ်နိုင်အောင် လုပ်ဖို့ဆိုတာ သမ္မတမှာလည်း အချိန်လိုတဲ့အကြောင်းပေါ့လေ၊ အဲလောက်ကတော့ ပြောပါတယ်။

"သမ္မတကလည်း Down the line လုပ်နိုင်တဲ့အနေအထားသူ့မှာ မရှိသေးဘူးပေါ့။ ဘာလို့လဲဆိုတော့ ယန္တရားကြီးက အခုမှစပြီးတော့လည်ပတ်ရတဲ့အခါကျတော့ ယန္တရားအဟောင်းပေါ့လေ၊ fixed ဗျူရိုကရေစီယန္တရားက ရှိနေဆဲဖြစ်တာကို ဒီမိုကရက်တစ်ယန္တရားနဲ့ အစားထိုးဖို့အတွက် အချိန်ယူပြီးတော့ လုပ်သွားဖို့ အနေအထားရှိနေတယ်ဆိုတာတော့ သူရှင်းပြပါတယ်။"

တခြားပြင်ပက ဖိတ်ခေါ်တဲ့ပညာရှင်တွေရောရှိလားခင်ဗျ၊ဦးမြင့်အပြင်ပေါ့။

"ဦးမြင့်အပြင်တော့ ကျနော်တို့ ပြင်ပဖိတ်ဖို့က အချိန်မရလို့ မလုပ်လိုက်ရဘူးဗျ။ အစကတော့ အစီအစဉ်ရှိပါတယ်။ ဖိတ်မယ်ဆိုရင်လာမယ့်ပုဂ္ဂိုလ်တွေရှိပါတယ်။ Public Policy တို့၊ တခြား စီးပွားရေးနဲ့ပတ်သက်တာတို့၊ ဥပဒေနဲ့ပတ်သက်တာတို့၊ အများစုကတော့ ကျနော်တို့ပါတီထဲက၊ တချို့ လူငယ်ထဲကလည်း ပါပါတယ်။ NGO တွေမှာလုပ်နေတဲ့ ကျနော်တို့အဖွဲ့ထဲက ပုဂ္ဂိုလ်တွေလည်းပဲ ဆွေးနွေးပွဲမှာပါပြီးတော့ ဦးဆောင်ဆွေးနွေးသွားတာတွေလည်း ရှိပါတယ်ခင်ဗျ။"

NDF ရုံးမှာ ဩဂုတ်လ ၁ ရက်နေ့ကနေပြီးတော့ ၅ ရက်နေ့အထိ နိုင်ငံရေး၊ စီးပွားရေး၊ ပါတီရဲ့ မူဝါဒဆိုင်ရာ၊ နိုင်ငံခြားရေး အစရှိတဲ့ အကြောင်းရပ်တွေနဲ့ဟောပြော ဆွေးနွေးမှုတွေ လုပ်နေတဲ့နေရာမှာ ဩဂုတ်လ ၃ ရက်နေ့မှာတော့ စီးပွားရေးဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ အကျင့်ပျက် ခြစားမှုဆိုတဲ့နေရာမှာ မိမိတို့ရထားတဲ့ အာဏာလုပ်ပိုင်ခွင့်တွေကို ကိုယ်ကျိုးအတွက်အသုံးပြုတာ ဖြစ်တယ်လို့ ဦးမြင့်က ပြောဆိုသွားပါတယ်။

"တိုင်းပြည်အကျိုးအတွက် ပေးထားတဲ့ တာဝန်ကို ကိုယ်ကျိုးအတွက် အသုံးပြုရင် ဒါ corruption ပဲ။ Use of Public Office for private gain အများပြည်သူ အကျိုးအတွက်၊ တိုင်းပြည်အကျိုးအတွက်၊ လူအများစုအတွက် ပေးထားတဲ့ တာဝန်ဝတ္တရား အာဏာတွေကို ကိုယ်ကျိုးအတွက်အသုံးပြုတာ။"

နိုင်ငံတော်သမ္မတရဲ့ စီးပွားရေးအကြံပေး ဦးမြင့်အနေနဲ့ ပြီးခဲ့တဲ့ လတုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရုံးမှာစီးပွားရေးကိစ္စဟောပြောဆွေးနွေးဖို့စီစဉ်ခဲ့ပေမဲ့အစီအစဉ်ဖျက်ခဲ့ရတယ်။ ဘာ့ကြောင့် အစီအစဉ်ပျက်သလဲဆိုတာတော့ မရှင်းပါဘူး။ လက်ရှိအားဖြင့်တော့ ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရသစ်အနေနဲ့ အကျင့်ပျက်ခြစားမှု လျော့ကျရေးနဲ့ ဆင်းရဲမွဲတေမှု လျော့ကျရေးလုပ်ငန်းတွေကို အဓိကထားဆောင်ရွက်မယ်ဆိုပြီးတော့ သမ္မတကိုယ်တိုင်ကကတိကဝတ်ပေးထားပါတယ်။ အစိုးရ ဦးဆောင်လုပ်တဲ့ ဆွေးနွေးပွဲတွေမှာ စီးပွားရေးဆိုင်ရာ ပညာရှင်အချို့ကိုလည်း ဖိတ်ကြား တက်ရောက်စေခဲ့ပါတယ်။ ဦးမြင့်ကိုတော့ စီးပွားရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်အဖြစ်နဲ့ သမ္မတရဲ့လက်မှတ်နဲ့ ထုတ်ပြန်ခဲ့ပါတယ်။

ကမ္ဘာတလွှား အဂတိလိုက်စားမှု အခြေအနေကို စောင့်ကြည့်တဲ့ Transparency International ရဲ့ အစီရင်ခံစာမှာတော့ မြန်မာနိုင်ငံဟာ ဆိုမာလီယာနိုင်ငံ ပြီးလို့ရှိရင် ကမ္ဘာပေါ်မှာ အကျင့်ပျက် ခြစားမှု အဆိုးဆုံးနိုင်ငံအဖြစ်နဲ့ စာရင်းသွင်း ခံထားရပါတယ်။

✡✡✡✡✡

# နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးခြင်းသည်သာ အရေးကြီးဆုံးခြေလှမ်း

**Mizzima ၊ ဩဂုတ်လ ၁ ။** ။ မြန်မာအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်းသည်သာ တခုတည်းသောအရေးအကြီးဆုံးခြေလှမ်းဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးဘန်ကီမွန်းက ပြောဆိုလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အလုပ်သမားဝန်ကြီးဦးအောင်ကြည်တို့ ဇူလိုင် ၂၅ ရက်နေ့က ရန်ကုန် စိမ်းလဲ့ကန်သာ တွင် ၁၀ ကြိမ်မြောက်အဖြစ် တွေ့ဆုံခဲ့ကြအပြီး ၄ ရက်အကြာ၌ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တယ်လီဖုန်းဖြင့် တိုက်ရိုက်ပြောကြားလိုက်ခြင်း ဖြစ်သည်။

“နိုင်ငံတကာကမြင်တွေ့လိုသည့်တခုထဲသောအရေးအကြီးဆုံးခြေလှမ်းအဖြစ် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန်လိုအပ်ပြီး “ အစိုးရအသစ်က နိုင်ငံကိုငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ချမ်းသာကြွယ်ဝရေးတို့အတွက် ရှေ့သို့ အခိုင်အမာ ရွေ့လျားနေသည်ဟုလည်း ယုံကြည်ကြောင်း” အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလဌာနချုပ်ရုံးသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဦးဝဏ္ဏမောင်လွင်၏ ပြန်လည်ပြောဆိုချက်ကို ထုတ်ပြန်ချက်အတွင်း၌ မတွေ့ရသော်လည်း သူသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားမရှိကြောင်း တောက်လျှောက်ငြင်းဆိုလာသူဖြစ်ပြီး ဖွန်လကနေပြည်တော်၌ အမေရိကန် ရီပတ်ပလင်ကန် အောက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်နှင့် တွေ့ဆုံစဉ်ကလည်း အကျဉ်းထောင်များအတွင်း တည်ဆဲဥပဒေများကို ချိုးဖောက်သူများသာ ရှိသည်ဟု ပြောဆိုခဲ့သေးသည်။

ဂျွန်မက်ကိန်းက နိုင်ငံတကာ လူ့အခွင့်အရေးကောင်စီ၏ စာရင်းဇယားအရ နိုင်ငံရေးအကျဉ်းသားများရှိသည်ဟုပြော ဆိုခြင်းအပေါ် ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးကလည်း နိုင်ငံရေးအကျဉ်းသား မရှိဟုငြင်းဆိုသည်။

အတိုက်အခံနိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက်ဆောင်ရွက်ပေးနေသည့် ရန်ကုန်မြို့နေရှေ့နေကြီးဦးအောင်သိန်းက “နိုင်ငံတကာက ဝိုင်းဝန်းလာတယ်ဆိုရင်တော့ သူတို့ ဟာသူတို့ မလုပ်ဘဲ နေသည့်တိုင်အောင် တနည်းမဟုတ် တနည်းတော့ အလေးထားမှုတော့ ရှိလာတာပေါ့” ဟု ကြိုဆို စကားပြောသည်။

အစိုးရက သဘောကွဲလွဲသူများကို ထောင်ချရာတွင် နိုင်ငံရေးအကျဉ်းသားဟု ပုဒ်မသီးသန့် မရှိသဖြင့် နီးစပ်ရာပြစ်မှု ဥပဒေများဖြင့် အရေးယူခြင်း ဖြစ်ကြောင်း ရှေ့နေကြီးက ပြောသည်။

“ ဒါပေမယ့် ဒီလူတွေရဲ့ အနှစ်သာရနဲ့ လုပ်ဆောင်ချက်ကိုကြည့်ရင်အများနဲ့သက်ဆိုင်တဲ့၊ နိုင်ငံတော်အတွက် အရေးပါ အရာရောက်တဲ့ ကိစ္စတွေပေါ်မှာ တောင်းဆိုတာ၊ ဆန္ဒထုတ်ဖော်တာဖြစ်တဲ့အတွက် နိုင်ငံရေးအရဆောင်ရွက်တယ်လို့ ကျနော်က ပြောမယ်”

ဦးအောင်သိန်းနှင့် ၈၈ မျိုးဆက်ကျောင်းသား နိုင်ငံရေး အကျဉ်းသားမိသားစုဝင်များက ထောင်ဒဏ် ၆၅ နှစ်ကျော် ကျခံနေရသည့် မင်းကိုနိုင်၊ကိုကိုကြီး၊ ကိုပြုံးချို၊ ကိုမြဒွေး၊ ကိုဉာဏ်လင်း၊ ကိုဌေးကြွယ်၊ ကိုလှမျိုးနောင်၊ ကိုအောင်သူ၊ ကိုမျိုးအောင်နိုင်စသည့် ကျောင်းသားခေါင်းဆောင် ၉ ဦး လွတ်မြောက်ရေးအတွက် ပြည်ထောင်စုတရားလွှတ် တော်ချုပ်သို့ တင်ပြရန် စတင်ပြင်ဆင်နေပြီဖြစ်သည်။

ကော့သောင်းထောင်၌ သွေးတိုးဝေဒနာ ခံစားနေရသည့် သားဖြစ်သူ ကိုပြုံးချိုကို ဇူလိုင် ၁ ရက်နေ့က သွားရောက် တွေ့ဆုံခဲ့သည့် ဖခင်ဦးဝင်းမောင်က ဘန်ကီမွန်းက ဦးဝဏ္ဏမောင်လွင်အား ဖုန်းဖြင့်ပြောဆိုသည်ကိုကြားသိနေပြီး “ ထမြောက်အောင်မြင်ဖို့ကို ကျနော်တို့ကမျှော်လင့်ရတာ ပေါ့လေ။ နည်းနည်းများ ထူးခြားလာ မလားလို့ပေါ့” ဟု ပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၉၆ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အကျဉ်းသားတဦးကို ဥပဒေနှင့်အညီစီရင်ထားခြင်း ဟုတ်မဟုတ် ပြန်လည်စိစစ်နိုင်ရန် အကျဉ်းသားအား တရားရုံးရှေ့မှောက် တင်သွင်းရန် “ရှေ့တော်သွင်း စာချွန်တော်အမိန့်” ထုတ်နိုင်ကြောင်း ပါရှိသည်။

မြန်မာနိုင်ငံတွင် လက်ရှိနိုင်ငံရေးအကျဉ်းသား ၁၉၉၄ ဦးကျန်သည့်အနက် ၈၈ ကျောင်းသားခေါင်းဆောင် စုစုပေါင်း ၃၇ ဦး ရှိကြောင်း ပြည်ပအခြေစိုက် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း AAPP-B မှ ပြောသည်။

အဖွဲ့ဝင် ၁၉၃ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ၁၉၉၁ ခုမှစ၍ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ပေါင်း ၂၀ ခန့်ချမှတ်ခဲ့သည်။ သို့သော်လည်း မြန်မာအစိုးရက လစ်လျူရှုခဲ့ကာ အကောင်အထည်မပေါ်ခဲ့သော်လည်း မစ္စတာဘန်ကီမွန်းကမူ လာမည့် ၂၀၁၂ ခုနှစ် ကုလအထွေထွေညီလာခံကြီးတွင် အပြောင်းအလဲများ ဖြစ်စေရန် ထပ်မံကြိုးစားဦးမည်ဟု သိရသည်။

---

**စာမျက်နှာ ၅ မှ**

ဖရီဒါက ဦးဆောင်လုပ်ရင် သဘောတူမတူ သစ်တောဝန်ကြီးဌာနကို မေးတယ်။ သစ်တောဝန်ကြီးဌာနက သူတို့ ဦးဆောင်လုပ်မယ်လို့ အကြောင်းပြန်ပါတယ်။ ကျနော်တို့ကတော့ အင်းလေးကန် သဘာဝ ဝန်းကျင်ကောင်းလာအောင် လုပ်နိုင်ရင် ဝမ်းသာပါတယ်”

ဒီအတောအတွင်း ဖရီဒါအဖွဲ့ကို ရန်ကုန်မြို့မှာ ခေတ်မီ ကုန်တိုက်တွေ ဖွင့်လှစ်လုပ်ကိုင်နေတဲ့ City Mart ကုမ္ပဏီ တာဝန်ရှိ သူတွေလာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် ခြောက်လတခါ ကျပ်သိန်းတရာ၊တနှစ်ကို သိန်း ၂ ရာ ထည့်ဝင်လှူဒါန်းသွားဖို့ ကတိပြုခဲ့တယ်လို့ ဦးအုန်းက ပြောပါတယ်။

ဖရီဒါအဖွဲ့ကို ၁၉၉၆ ခုနှစ်မှာ တရားဝင် ထူထောင်ပြီး မြန်မာနိုင်ငံတဝှမ်းက သစ်တောထိန်းသိမ်းရေး၊ ဒီရေရောက် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းတွေ အပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။

# မြို့ပြဆင်းရဲနွမ်းပါးမှု လျှော့ချရေး

**ခင်မမမျိုး**

ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ကျေးလက်ဒေသကနေ မြို့ပြသို့ပြောင်းရွှေ့အခြေချမှု (rural-urban migration) နှုန်းက တိုးတက်များပြားလာပါတယ်။ ဒီလိုပြောင်းရွှေ့အခြေချသူအများစုဟာ အလုပ်အကိုင်အခွင့်အလမ်းနဲ့ လူမှုဘဝတိုးတက်မှုအခွင့်အလမ်းအတွက် မြို့ပြကိုပြောင်းရွှေ့နေထိုင်ကြတာဖြစ်ပေမယ့်မြို့ပြရှင်သန်နေထိုင်မှုစရိတ်ကြီးမားခြင်း၊ လမ်းပန်းဆက်သွယ်ရေးကုန်ကျစရိတ်ကြီးမားခြင်း၊ ကျန်းမာသန့်ရှင်းမှုမရှိသော ဆင်ခြေဖုံးများတွင်နေထိုင်ရခြင်း၊ ရောဂါဘယကူးစက်ပြန့်ပွားခြင်း စတဲ့ အခြေအနေတွေကို ရင်ဆိုင်ရပြီးတိုးတက်တဲ့လူမှုဘဝ အခွင့်အလမ်းတွေကို ခံစားခွင့်မရကြပါဘူး။ မြို့ပြသို့ပြောင်းရွှေ့အခြေချမှု ရာခိုင်နှုန်းမြင့်တက်လာတာနဲ့အမျှလူဦးရေထူထပ်မှုရှိလာသလို၊ မြို့ပြဆင်းရဲနွမ်းပါးမှု (urban poverty) နှုန်းကလဲတိုးမြင့်လာပါတယ်။

*မြို့ပြဆင်းရဲနွမ်းပါးမှု သွင်ပြင်လက္ခဏာများ*

မြို့ပြဆင်းရဲနွမ်းပါးမှုမှာ သွင်ပြင်လက္ခဏာ (၅) ရပ် ရှိပါတယ်။ ပထမသွင်ပြင်လက္ခဏာကတော့ ဝင်ငွေမလောက်ငမှု ဖြစ်ပါတယ်။ မြို့ပြမှာနေထိုင်တဲ့ဆင်းရဲနွမ်းပါးသူတွေဟာများသောအားဖြင့်အလုပ်တခုခုလုပ်နေသူများဖြစ်ပါတယ်။ ကျေးလက်ဒေသမှာ နေထိုင်သူများထက်ဝင်ငွေပိုများပေမယ့် မြို့ပြရဲ့နေထိုင်မှုအသုံးစရိတ်ကြီးမားမှုကြောင့်ဝင်ငွေမလောက်ငမှုနဲ့ရင်ဆိုင်ကြရတတ်ပါတယ်။ စားဝတ်နေရေးအခြေခံလိုအပ်ချက်တွေ ပြည့်စုံဖို့အတွက်ဝင်ငွေလောက်ငမှုမရှိပဲ ကြုံရာကျပန်းအလုပ်များလုပ်ကိုင်ရတတ်တာကြောင့်အလုပ်အကိုင်လုံခြုံရေးအခက်အခဲနဲ့လဲ ရင်ဆိုင်ရတတ်ပါတယ်။

ဒုတိယသွင်ပြင်လက္ခဏာကတော့တော်မွတ်ခေါင်းမှုဖြစ်ပါတယ် မြို့ပြဆင်းရဲနွမ်းပါးသူတွေဟာ အစားအစာတွေကို ဝယ်ယူစားသုံးကြရတာဖြစ်ပါတယ်။ ကျေးလက်ဒေသမှာလိုမြေပိုမြေလျှံမရှိတဲ့အတွက်စိုက်ပျိုးရေးနဲ့မွေးမြူရေးလုပ်ဖို့ ခဲယဉ်းတာကြောင့်၊ အစားအစာတွေကို ဝယ်ယူစားသုံးကြရပါတယ်။ ဒီလို ဝယ်ယူစားသုံးရတဲ့အခါမှာလဲ သယ်ယူ ပို့ဆောင်ရေးစရိတ်နဲ့ အဆင့်ဆင့်ဖြန့်ဖြူး စရိတ်တွေကြောင့် မြို့ပြမှာနေထိုင်သူတွေဟာ ကျေးလက်မှာနေထိုင်သူတွေထက်အစားအသောက်ကုန်ကျစရိတ်ပိုပြီးများပါတယ်။မြို့ပြဆင်ခြေဖုံးရပ်ကွက်များနဲ့ကျူးကျော်ရပ်ကွက်များမှာ နေထိုင်ရသူတွေဟာ သန့်ရှင်းတဲ့ရေနဲ့ပတ် ဝန်းကျင်မရှိခြင်းကြောင့် ရောဂါဘယ ကူးစက်ခံရမှု အန္တရာယ်ကိုလဲ ရင်ဆိုင်ကြရပါတယ်။ infection-related အစားအာဟာရချို့တဲ့မှုပြဿနာ က မြို့ပြမှာ အဖြစ်များပါတယ်။

တတိယသွင်ပြင်လက္ခဏာကတော့ informal sector အလုပ်အကိုင်အခြေအနေ ဖြစ်ပါတယ်။မြို့ပြမှာ အလုပ်လုပ်ကိုင်သူ အများစုဟာ နေ့စားလုပ်သားများ၊ ယာယီလုပ်သားများအဖြစ် လုပ်ကိုင်ကြရပါတာဖြစ်တဲ့အတွက်အလုပ်သမားအခွင့်အလမ်း၊ဥပဒေအကာအကွယ်များ ဆုံးရှုံးကြရပြီး၊ အလုပ်အကိုင် မလုံခြုံမှု (job insecurity)ဆိုင်ရာစိတ်ဖိစီးမှုတွေကိုလဲ ခံစားကြရပါတယ်။

စတုတ္ထသွင်ပြင်လက္ခဏာကတော့ informal settlements ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းကြောင့် အလုပ်နဲ့နီးစပ်ရာနေရာတွေမှာ အခြေချနေထိုင်မှုတွေရှိလာပါတယ်။ ဒီလိုအခြေချနေထိုင်မှုတဲ့အခါမှာ မြေယာပိုင်ဆိုင်မှု၊ငှားရမ်းစရိတ်ကြီးမားမှုအခက်အခဲတွေကြောင့် မီးရထားလမ်းဘေး၊ မြစ်ကမ်းဘေး၊ တံတားများနဲ့ အမှိုက်ပုံများအနီးမှာ ကျူးကျော်နေထိုင် အခြေချမှုတွေဖြစ်ပွားလာတတ်ပါတယ်။

ပဥ္စမသွင်ပြင်လက္ခဏာကတော့ ဝန်ဆောင်မှုများကို ခံစားခွင့်မရခြင်းပဲဖြစ်ပါတယ်။ ကျူးကျော်ရပ်ကွက်များနဲ့ အခြား informal settlements တွေမှာ အစိုးရတွေရဲ့အခြေခံလူနေမှုအဆောက်အအုံဝန်ဆောင်မှု အားနည်းချက်တွေရှိတတ်ပါတယ်။ ရေရရှိရေးအတွက်ရပ်ကွက်ထဲက public tap တွေမှာ နာရီပေါင်းများစွာတန်းစီစောင့်ဆိုင်းရမှုတွေ ရှိတတ်သလို၊ လျှပ်စစ်မီးသုံးစွဲနိုင်မှုလဲမရှိကြပါဘူး။ အညစ်အကြေးစွန့်ပစ်မှု ပြဿနာတွေလဲရှိပါတယ်။

*မြို့ပြဆင်းရဲနွမ်းပါးမှုအား တိုင်းတာခြင်း*

မြို့ပြဆင်းရဲနွမ်းပါးမှုဆိုတာကို ဘောဂဗေဒရှုထောင့်နဲ့မနုဿဗေဒရှုထောင့်တွေကနေ တိုင်းတာသတ်မှတ်လေ့ရှိပါတယ်။ ဘောဂဗေဒရှုထောင့်အရ မြို့ပြဆင်းရဲနွမ်းပါးမှုကို တိုင်းတာရာမှာ ဝင်ငွေ (သို့မဟုတ်)စားသုံးမှုညွှန်ပြကိန်းဂဏန်းတွေအပြင် အာဟာရပြည့်ဝမှု၊ အစားအစာမျှတလုံလောက်မှု၊စာတတ်မြောက်မှု၊သန့်ရှင်းသောရေ ရရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုခံစားခွင့်ဆိုတဲ့လူမှု တိုးတက်မှုဆိုင်ရာ ညွှန်ပြကိန်းဂဏန်းတွေနဲ့တိုင်းတာကြပါတယ်။ မနုဿဗေဒပညာရှင်တွေနဲ့ လူမှုစီမံကိန်းရေးဆွဲသူတွေကတော့ အထက်ပါအချက်တွေအပြင် လူမှုဘဝကွဲပြားခြားနားမှုနဲ့ ပစ္စည်းဥစ္စာနေမဟုတ်သောအရာများ ချို့တဲ့မှု (non-material deprivation) ကိုပါ ထည့်သွင်းပြီးတိုင်းတာဖို့လိုအပ်ကြောင်း ဆိုထားကြပါတယ်။

ဝင်ငွေနဲ့ပတ်သက်တဲ့ ညွှန်ပြကိန်းဂဏန်းတွေမှာ ဆင်းရဲနွမ်းပါးမှုကွာဟချက် (povertygap)၊ ဝင်ငွေတန်းတူညီမျှခြင်းမရှိမှု (income inequality)၊ အလုပ်လက်မဲ့နှုန်း (unemploymentrate)၊ အကြွေးရယူသုံးစွဲနိုင်မှု၊ လျှပ်စစ်ပစ္စည်းရယူသုံးစွဲမှု (access toelectricity) စတာတွေပါဝင်ပါတယ်။ ပညာရေးနဲ့ပတ်သက်တဲ့ ညွှန်ပြကိန်းဂဏန်းတွေမှာတော့ စာတတ်မြောက်နှုန်း၊ အထက်တန်း၊ အလယ်တန်းနှင့်မူလတန်းပြီးမြောက်အောင်မြင်မှုနှုန်း၊ကလေးလုပ်အား၊ပညာရေးဆိုင်ရာကျားမကွဲပြားမှု၊ ပညာရေးအတွက် အိမ်ထောင်တခုချင်းစီအလိုက် ပျမ်းမျှအသုံးစရိတ်၊ အလုပ်ခွင်ဆိုင်ရာ သက်မွေးကျောင်းသင်တန်းများသို့ တက်ရောက်နိုင်မှု စတာတွေပါဝင်ပါတယ်။

**စာမျက်နှာ ၁၈ သို့**

# ပြည်သူအတွက် ဖြုတ်တာမဟုတ်၊ အချင်းချင်း စားခွက်လုပွဲကြောင့် ဖြုတ်ထုတ်

**BBC ၊ ဂျူလိုင်လ ၃၀ ။** ။ မကြာခင်က ထွက်ပေါ်ခဲ့တဲ့ မြန်မာစစ်တပ်က ဗိုလ်ချုပ်ကြီးတွေ ဖြုတ်ထုတ် ခံရတာဟာ ပြည်သူအတွက်၊တိုင်းပြည်အကျိုး လုပ်တာမျိုးမဟုတ်ဘဲ အချင်းချင်းအကျိုးစီးပွားလုကြပြိုင်ကြရတာက ဖြစ်ကုန်တာလို့စစ်ရေးအကဲခတ် တဦးက သုံးသပ်ပါတယ်။ နိုင်ငံတော် သမ္မတဦးသိန်းစိန်ဟာလည်း ဗိုလ်ချုပ်ကြီးဟောင်းဖြစ်ပါတယ်။ စစ်တပ်တွင်း စစ်တိုင်းမှူးတွေနဲ့ စစ်တိုင်းမှူးထက်ကြီးတဲ့ စစ်ဆင်ရေး အထူးအဖွဲ့ မှူးတွေကြား အကျိုးစီးပွားပြိုင်ရာကနေ အပေးအယူမမျှဖြစ်ကုန်ပြီး စစ်ဗိုလ်ချုပ်တချို့ တာဝန်ကနေ အနားပေးခံရတာလို့တရုတ်-မြန်မာ နယ်စပ် အခြေစိုက်စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ဘီဘီစီကို ပြောပါတယ်။

မကြာခင်ရက်ပိုင်းကပဲ ရန်ကုန်စစ်တိုင်းမှူး ဖြစ်တဲ့ ဗိုလ်မှူးချုပ်ထွန်းသန်းနဲ့စစ်ဆင်ရေး အထူးအဖွဲ့မှူး ဗိုလ်ချုပ်တင်ငွေ အပါအဝင် စစ်ဗိုလ်ချုပ်ကြီးတချို့ဖြုတ်ထုတ် ခံခဲ့ရတယ်လို့သတင်းတွေကလည်း ကျယ် ကျယ်ပြန့်ပြန့်ကို အခုရက်ပိုင်းမှာ ထွက်လာခဲ့ပါတယ်။ လက်ရှိအစိုးရ၊ အစိုးရရဲ့ ပါတီကြံ့ခိုင်ရေးနဲ့စစ်တပ်တို့မှာ တာဝန်ထမ်းဆောင်သူတွေဟာ အရင်စစ်အစိုးရခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ အကွက်ချတာဝန်ပေးထားသူ တွေဖြစ်ပြီး သူတို့ချင်းကြားမှာလည်း ဆုံးဖြတ်ချက်မတူညီကြဘူးလို့သူက သုံးသပ်ပါတယ်။

နိုင်ငံရေးကျားကွက်ရွှေ့သူလို့သတ်မှတ်ခံရသူစစ်ခေါင်းဆောင်ဗိုလ်ချုပ်သန်းရွှေဟာ ဦးရွှေမန်းကိုလွှတ်တော်မှာ တာဝန်ပေးတယ်၊ ဦးတင်အောင်မြင့်ဦးကို အစိုးရအဖွဲ့တွင်း ထည့်တယ်၊ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ကိုကာကွယ်ရေးဦးစီးချုပ်တာဝန်ပေးတယ်၊ ဦးကျော်ဆန်း၊ ဦးအောင်သောင်းနဲ့ဦးဌေးဦးတို့ကို ကြံ့ခိုင်ရေးပါတီကို ဦးဆောင်စေတာတွေဟာ ဦးသန်းရွှေရဲ့ ကျားကွက်ရွှေ့ထားတာတွေဖြစ်ပြီး မနိုင်တဲ့အခါဆိုရင်တော့ ပွဲကြီးပွဲကောင်းဖြစ်မယ်လို့ဦးအောင်ကျော်ဇောက ပြောပါတယ်။

KIA ကချင်လွတ်လပ်ရေးတပ်ကို နှိမ်နင်းဖို့နဲ့ဒီအတိုင်း ထားဖို့ကိစ္စမှာလည်း အစိုးရနဲ့တပ်နဲ့ သဘောကွဲနေပြီး၊ အခုစစ်တပ်ဟာ မြန်မာစစ်တပ်သမိုင်းမှာ အစုတ်ချာဆုံး စစ်တပ်ဖြစ်နေတယ်လို့တရုတ်-မြန်မာနယ်စပ်က စစ်ရေးကျွမ်းကျင်သူက သုံးသပ်ပါတယ်။ နေပြည်တော်နဲ့ ရန်ကုန်မှာလည်း အရန်တပ်တွေထားရတယ်၊ ရှေ့တန်းပို့ဖို့တပ်က မရှိတော့ဘူး၊တရုတ်ကြောင့် မတိုက်တာမဟုတ်ဘူးလို့ဆိုပါတယ်။

မြန်မာစစ်တပ်ဟာမဟုတ်တဲ့ထူးခြားချက်ကလည်းဗိုလ်ချုပ်ကြီးတွေက အာဏာရှိစဉ်မှာ လူထုနဲ့ ယေသားကို အနိုင်ကျင့်သလောက် အငြိမ်းစားပေးလို့ အရေးယူ ခံရတဲ့အခါ ရှိတာလေး ပိုက်လို့ ကြီးပွားရေး ပြန်လုပ်ကြတယ်လို့ ဦးအောင်ကျော်ဇောက ပြောပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းမွေးတဲ့ စစ်တပ်ကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်းအလားတူဆက်မွေးထားခဲ့ပြီး မြန်မာစစ်တပ်ဟာ တကယ်တမ်းပြောရရင်တော့ မျိုးချစ် စိတ်လုံးဝမရှိတဲ့ စစ်တပ်လို့စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ဘီဘီစီကို ပြောပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ညွှန်ပြကိန်းဂဏန်းတွေမှာအခြေခံကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်၊ အစာအာဟာရ ပြည့်ဝရေးဆိုင်ရာ safetynets များရှိမှု၊ အစားအစာအတွက် အိမ်ထောင်စုတခုချင်းစီအလိုက် ပျမ်းမျှအသုံးစရိတ်၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အိမ်ထောင်တခုချင်းစီအလိုက်ပျမ်းမျှအသုံးစရိတ်၊ ရေသုံးစွဲမှုပမာဏ၊ဖွားသေနှုန်း၊ ကလေးသူငယ်အစာအာဟာရချို့တဲ့မှု၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ မတော်တဆမှုများဆိုင်ရာ သေဆုံးနှုန်း၊ ရောဂါဘယများဆိုင်ရာသေဆုံးနှုန်း၊ အကြမ်းဖက်မှုများဆိုင်ရာ သေဆုံးနှုန်းစတာတွေပါဝင်ပါတယ်။

လုံခြုံရေးနဲ့ ပတ်သက်တဲ့ ညွှန်ပြကိန်းဂဏန်းတွေမှာတော့ ခွင့်ပြုချက်မရှိသောအဆောက်အဦးများနှင့် ကျူးကျော် အိမ်ယာများ တည်ဆောက်ထားမှုနှုန်း၊ရဲတပ်ဖွဲ့နှင့် ဥပဒေအရ အကာအကွယ်ရယူနိုင်မှု၊ မြေယာပိုင်ဆိုင်မှု၊ အခွင့်အလမ်းလူသတ်မှုနှင့် အခြားရာဇဝတ်မှုများ ဖြစ်ပွားမှုနှုန်းစတာတွေပါဝင်ပါတယ်။Empowermentနဲ့ ပတ်သက်တဲ့ ညွှန်ပြကိန်းဂဏန်းတွေမှာတော့ နိုင်ငံရေးနဲ့ လူ့အဖွဲ့အစည်းတွေမှာ ပါဝင်မှု၊ ဝန်ဆောင်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများအားခံစား ခွင့်၊ တယ်လီဖုန်းနှင့် အင်တာနက်အသုံးပြုနိုင်မှု၊ စီမံကိန်းရေးရာဆုံးဖြတ်ချက်များတွင် ပြည်သူအများ၏ ဆန္ဒသဘောထားပေးပိုင်ခွင့်၊ အစိုးရဝန်ဆောင်မှုများအား ပြည်သူအများမှ ကျေနပ်မှုစတာတွေပါဝင်ပါတယ်။

*မြို့ပြဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒများ*

တိုင်းပြည်တပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး (urbandevelopment) က အရေးကြီးပါတယ်။ ဒီလို မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက်မြို့ပြဆင်းရဲနွမ်းပါးမှု (urban poverty) လျှော့ချနိုင်ရေးကိုကြိုးပမ်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာအရပ်ဘက်လူ့အဖွဲ့အစည်းများ၊ မြို့ပြဆင်းရဲနွမ်းပါးသူများဘက်မှ citizen drivenactions များ လုပ်ဆောင်ဖို့လိုအပ်သလို၊ နိုင်ငံတော်ဘက်ကလဲမြို့ပြဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒများ ထိထိ ရောက်ရောက်ချမှတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

*တနိုင်တပိုင် စီးပွားရေးလုပ်ငန်းငယ်များ ပေါ်ပေါက်လာစေရန် အားပေးကူညီမှု*

မြို့ပြမှာ တနိုင်တပိုင် စီးပွားရေး လုပ်ငန်းငယ်များ ပေါ်ပေါက်လာခြင်းဖြင့်အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်ခြင်း၊ အလုပ်လက်မဲ့နှုန်းလျှော့နည်းခြင်း စတဲ့အကျိုးကျေးဇူးတွေ ရှိလာစေနိုင်ပါတယ်။ အချို့လူတွေဟာ အရောင်းအဝယ်လုပ်ငန်းများအတွက် အတွေးအမြင်ရှိပေမယ့် စတင်ရန် ငွေအရင်းအနှီးမရှိတဲ့အခက်အခဲကို ကြုံကြရတာကြောင့် အလုပ်လက်မဲ့ဖြစ်နေကြတာ ဖြစ်ပါတယ်။ဒီလိုအခြေအနေတွေကို ဖြေရှင်းနိုင်ရေးအတွက် အစိုးရနဲ့ အရပ်ဘက်အဖွဲ့အစည်းများက အသေးစားငွေချေးပေးတဲ့ အင်စတီကျူးရှင်းများ Micro Finance Institutions တည်ထောင်ခြင်းဖြင့် အားပေးကူညီနိုင်ပါ တယ်။

**ဆက်လက်ဖော်ပြပါမည်**

# ငြိမ်းချမ်းရေးအတွက် ဒေါ်အောင်ဆန်းစုကြည် ကြားဝင်ဆောင်ရွက်မှု ENC လိုလား

**Mizzima ၊ ဩဂုတ်လ ၂ ။** ။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားနေသောတိုက်ပွဲများကို အမြန်ဆုံးရပ်ရန် နှင့်ငြိမ်းချမ်းစွာဖြေရှင်းရန် တိုက်တွန်းထားသည့် ဒေါ်အောင်ဆန်းစုကြည်၏ "အိတ်ဖွင့်ပေးစာ" အပေါ် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စု မြန်မာနိုင်ငံ) ENC က ထောက်ခံကြိုဆိုကြောင်းနှင့် တိုင်းရင်းသားပြဿနာပြေလည်စေရန် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ကြားဝင်ဆောင်ရွက်ပေးရန်လိုလားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

"ဒေါ်စုလို ပြည်သူတွေက ယုံကြည်စိတ်ချရတဲ့ပုဂ္ဂိုလ် တယောက် ကနေ ကြားက ဝင်လုပ်ပေးရင် ကောင်းတယ်လို့ ကျနော်တို့မြင်လို့ ဒါကိုကြိုဆို လိုက်တာပါ" ဟု ENC အထွေထွေ အတွင်းရေးမှူး ဒေါက်တာရွှေခါး ကမဖျိုမကိုပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဇူလိုင်လ ၂၈ ရက်စွဲဖြင့် ထုတ်ပြန်သည့် အိတ်ဖွင့်ပေးစာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကရင်အမျိုးသား အစည်းအရုံး၊ မွန်ပြည်သစ်ပါတီနှင့် ရှမ်းပြည်တပ်မတော်တို့သို့ လိပ်မူထားပြီး ဒေါ်အောင်ဆန်းစုကြည်က "အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပံ့ပိုးရန်အတွက် ကျမအနေဖြင့် ကိုယ်စွမ်းရှိသမျှ ပါဝင်ကြိုးပမ်းရန် အသင့်ရှိနေပါသည်" ဟု ရေးသားထားသည်။

မိမိတို့၏ရပိုင်ခွင့်များအတွက် အသီးအသီးလှုပ်ရှားနေသည့် တိုင်းရင်းသားအဖွဲ့များစုပေါင်းပါဝင်သည့် ENC က ဒေါ်အောင်ဆန်းစုကြည်၏အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်ထောင်စုအရေးတွင် လုပ်ကိုင်နိုင်စွမ်းရှိမည်ဟုယုံကြည်ကြောင်း ၎င်းတို့၏ကြေငြာချက်တွင် ဖော်ပြထားသည်။

ENC က "မြန်မာနိုင်ငံတွင်း ဖြစ်ပွားနေသော ပြည်တွင်းစစ် ရပ်စဲနိုင်ရေးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု ကြီး၏အနာဂတ်ကို အာမခံနိုင်မည့် စစ်မှန်သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုရရှိနိုင်ရေးအတွက်သော်လည်းကောင်း ဒေါ်အောင်ဆန်းစုကြည်က တဖက်တလမ်းမှ လုပ်ကိုင် စွမ်းဆောင်နိုင်မည်ဟု ကျနော်တို့ တိုင်းရင်းလူမျိုးများအနေဖြင့် ယုံကြည်သည်" ဟု ပါရှိသည်။

၂၀၁၀ ရွေးကောက်ပွဲမှ တက်လာသည့် ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန် သမ္မတအဖြစ် တာဝန်ယူသည့်အစိုးရသစ် လက်ထက် ရက်ပေါင်းတရာ မပြည့်မီပင် နိုင်ငံအတွင်းရှိ နယ်ခြားစောင့်တပ်အဖြစ် လက်မခံသည့် ကရင်၊ ကချင်၊ ရှမ်း စသောတိုင်းရင်းသား လက်နက်ကိုင်တပ်များနှင့် အစိုးရတပ်များအကြား တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့သည်။ စစ်ဖြစ်ရာဒေသများ၌ ဒေသခံစစ်ပြေးဒုက္ခသည်များမှာ အိုးအိမ်များ လယ်ယာများကို စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်နေကြရပြီး စစ်ပွဲဒေသတွင်း စာသင်ကျောင်းများလည်း ယခုတိုင်ပိတ်ထားရဆဲဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အိတ်ဖွင့်စာ၌ ပြည်ထောင်စုသားအချင်းချင်းဖြစ်နေသော ပြဿနာများကို "အပြန်အလှန် ယုံကြည်လေးစားမှုတို့ဖြင့် ဖြေရှင်းရန်" တိုက်တွန်းထားသည်။

ENC က မြန်မာအစိုးရသစ်အနေဖြင့် ပြည်တွင်းစစ်ရပ်စဲပြီး စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် တောင်းဆိုထားသည်။

"လက်နက်နဲ့ စစ်တိုက်တဲ့နည်းနဲ့ကတော့ ဘယ်လိုနည်းနဲ့မှ ဖြေရှင်းနိုင်မှာမဟုတ်ဘူး။ အဲဒါကြောင့် ဒီပြဿနာကို ဆွေးနွေးတဲ့နည်းနဲ့ ဖြေရှင်းဖို့ အကြိမ်ကြိမ်တိုက်တွန်းခဲ့တာပါ" ဒေါက်တာရွှေခါး က ပြောသည်။

၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးဟု လူသိများသည့်ဘုန်းတော်ကြီးများ၏ ငြိမ်းချမ်းစွာဆန္ဒပြပွဲကို ဖြိုခွဲမှုနောက်ပိုင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် အီဘရာဟင် ဂမ်ဘာရီမှတဆင့် ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားများနှင့်လက်တွဲဆောင်ရွက်လိုကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့သည်။ ထိုစဉ်ကတိုင်းပြည်အုပ်ချုပ်သည့် စစ်အစိုးရက အပစ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအား ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ချက်အပေါ် ကန့်ကွက်မှုများပြုလုပ်စေပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများ တိုက်ရိုက်ဆက်သွယ်မှုမရှိစေရန်တားဆီးခဲ့ဖူးသည်။

---

# ငါးဖမ်းအလုပ်သမားများ အဖွဲ့ချုပ်ကူညီ

**RFA ၊ ဂျူလိုင် ၃၁ ။** ။ ရောဝတီတိုင်း ဒေးဒရဲမြို့နယ်မှာ ပြီးခဲ့တဲ့ မတ်လက ပင်လယ်ပြင်မှာ မုန်တိုင်းမိပြီး သေဆုံး၊ ပျောက်ဆုံးခဲ့သူတွေရဲ့ မိသားစုဝင်တွေကို NLD လူမှုအထောက်အကူပြုအဖွဲ့က ဒီကနေ့ အလှူငွေ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရပါတယ်။

မုန်တိုင်းကြောင့် ပင်လယ်ထဲမျောပါပြီး သေဆုံး၊ ပျောက်ဆုံးခဲ့တဲ့ ဒေးဒရဲမြို့နယ်အတွင်းက ရေလုပ်သားတွေအတွက် တတိယအကြိမ်အကူအညီအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူမှုအထောက်အကူပြုအဖွဲ့နဲ့ ဒေသခံမြို့နယ်စည်းအဖွဲ့ဝင်တွေ ဒီကနေ့မနက် အဲဒီရေလုပ်သား ၁၆ ဦးရဲ့ မိသားစုတွေကို တွေ့ဆုံပြီး အလှူငွေတွေ ပေးအပ်ခဲ့ကြောင်း NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောပါတယ်။

အဲဒီနောက် NLD လူမှုအထောက်အကူပြု အဖွဲ့ဟာ ဖျာပုံမြို့ကို သွားရောက်ပြီး သေဆုံး၊ ပျောက်ဆုံးသူ ရေလုပ်သား မိသားစု ၅၀ကျော်နဲ့ တွေ့ဆုံပြီး အားပေးစကားပြောကြားခဲ့သလို ရေလုပ်သား ၂၈ ဦးရဲ့မိသားစုကို အလားတူအကူအညီတွေ ပေးအပ်ခဲ့တယ်လို့လည်းဦးအုန်းကြိုင်က ပြောပါတယ်။

ဦးအုန်းကြိုင်နဲ့အတူ NLD ဗဟိုဦးစီးအဖွဲ့ဝင် ဦးကြည်ဝင်း၊ ဖျာပုံစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌဦးအောင်ခင်ဘို၊ ဒေးဒရဲမြို့နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာမျိုးညွှန့်၊ ဖျာပုံမြို့နယ် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ်ဦးမင်းဆွေ၊ ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီဝင် ဦးအောင်မြင့်(ခေါ်)ဖျာပုံနီလုံဦးနဲ့ လူငယ်ပြန်ကြားရေးအဖွဲ့ဝင်ကိုအေးမင်းစိုးတို့လိုက်ပါသွားကြောင်း သိရပါတယ်။

လာမယ့် သီတင်းပတ်မှာလည်း ဘိုကလေးမြို့နယ်ကဒုံကနိကျေးရွာက မုန်တိုင်းကြောင့် သေဆုံး၊ ပျောက်ဆုံးသူ ရေလုပ်သားတွေရဲ့မိသားစုတွေကိုသွားရောက်အကူအညီပေးဖို့ စီစဉ်နေကြောင်းလည်း ဦးအုန်းကြိုင်က ပြောပါတယ်။

## ရေးမြို့ ရေကြီး ကျောင်း ဈေးများပိတ်

**Mizzima ၊ ဩဂုတ်လ ၂ ။** ။ မွန်ပြည်နယ် ရေးမြို့တွင် သုံးရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မွန်ပြည်သစ်ပါတီဌာနချုပ်ရှိရာ ရေးချောင်းဖျားဒေသမှ ချောင်းရေများ လိမ့်ဆင်းလာခြင်းကြောင့် မြို့ပေါ် ၃ ရပ်ကွက် ရေမြုပ်ခဲ့ပြီး စာသင်ကျောင်း ၄ ကျောင်းနှင့် ဈေး ၂ ဈေး ပိတ်ထားရသည်။

ဇူလိုင်လ ၃၀ ရက်နေ့မှ စတင်ကာ ရွာသွန်းသည့် မိုးကြောင့် အောင်မင်္ဂလာ၊ အောင်သုခ၊ အောင်မေတ္တာ (အောင်သုံးအောင်) ရပ်ကွက်များရှိ အထက်တန်းကျောင်းတကျောင်း၊ မူလတန်း ၃ ကျောင်း၊ အောင်သီတာဈေးနှင့် ရန်ကြီးအောင်ရပ်ကွက်ရှိ မြသီတာဈေးတို့ကို ဇူလိုင်လ ၃၁ ရက်နေ့မှ စပြီး အင်္ဂါနေ့ထိ ပိတ်ထားခဲ့ရသည်။

အခြားရပ်ကွက်များဖြစ်သည့် သီရိနန္ဒာနှင့် ရန်ကြီးအောင်ရပ်ကွက်အချို့တွင်လည်း ရေများနစ်မြုပ်ခဲ့ကာ ရေနစ်မြုပ်သည့် အိမ်ခြေပေါင်း ၂၀၀၀ ခန့်ရှိမည်ဟု ရန်ကြီးအောင်ရပ်ကွက်သူ တဦးက ခန့်မှန်းသည်။

အခြားရပ်ကွက်များမှ ရေနစ်မြုပ်ရာရပ်ကွက်များသို့ လှေဖြင့်ထမင်းထုပ်ကိုလိုက်လံဝေငှပေးနေသည်ဟုလည်း သူမကပြောသည်။ ရေကြီးမှုကြောင့်ကလေးငယ်များနှင့်သက်ကြီးရွယ်အိုအချို့မှာရေဘေးလွတ် သည့် အခြားရပ်ကွက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့ကြပြီး အချို့မှာနေအိမ်အပေါ်ထပ်တွင် ဆက်လက်နေထိုင်လျက် ရှိသည်။

ရေတဖြေးဖြေးတက်စဉ် ဈေးသည်များက ကုန်ပစ္စည်းများကို အချိန်မီပြောင်းရွှေ့နိုင်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်သာ ရှိကြောင်း မြသီတာဈေးမှ ဈေးသည်တဦးက ပြောသည်။ ဇူလိုင်လ ၃၁ ရက် တိုင်းထွာချက်အရ မွန်ပြည်နယ် ရေးမြို့၌ မိုးရေချိန် ၁၂ ဒသမ ၆၀ လက်မ ရွာသွန်းခဲ့သည်ဟု နေပြည်တော်မိုးလေဝသနှင့်ဇလဗေဒဌာနက ထုတ်ပြန်ခဲ့သည်။

## နေပြည်တော်သို့ ဒေါ်စုကို ဖိတ်ဖွယ်ရှိ

**RFA ၊ ဩဂုတ်လ ၁ ။ ။** နေပြည်တော်မှာ အစိုးရက အခုလအတွင်း ကျင်းပဖို့ရှိတဲ့ မြန်မာနိုင်ငံရဲ့ မက်ခရို (Macro) စီးပွားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကုဖိတ်ကြားဖို့ စီစဉ်ထားတယ်လို့ သမ္မတဦးသိန်းစိန်ရဲ့ နိုင်ငံရေးအကြံပေး ပုဂ္ဂိုလ် ဒေါက်တာနေဇင်လတ်က RFA ကို ဒီကနေ့ ပြောကြားပါတယ်။

"သူ့ကို ပုဂ္ဂိုလကအနေနဲ့ ဖိတ်ဖို့ရှိမယ်ဗျာ။ နိုင်ငံကောင်းရာကောင်းကျိုး ဆောင်ရွက်နိုင်ဖို့အတွက်ကို ပါတီတို့ ပြည်သူတို့ မခွဲခြားဘဲနဲ့ပေါ့နော်၊ အားလုံးကတော့ ပြောရရင်တော့ သန်း ၆၀ ထဲက ပြည်သူတွေချည်းပါပဲနော်။ အဲဒါ ဖိတ်ပြီးတော့မှ ပူးပေါင်းဆောင်ရွက်မှု တဖြည်းဖြည်းချင်း မြှင့်တင်သွားဖို့ အစီအစဉ်လေးတော့ ရှိပါတယ်ဗျာ။ တဘက်ကတော့ ကမ်းလှမ်းထားတယ်ပေါ့ဗျာ၊ ကျန်တဲ့တဘက်ကတော့ ဒေါ်အောင်ဆန်းစုကြည် အပေါ်မှာပဲ မူတည်ပါလိမ့်မယ်။ ကျနော်ထင်ပါတယ်၊ သူလည်း တက်ပါလိမ့်မယ်"

ဒေါ်အောင်ဆန်းစုကြည်ကို NLD ပါတီ ကိုယ်စားပြုပြီး ဖိတ်ကြားမှာမဟုတ်ဘဲ လူပုဂ္ဂိုလ် တဦးချင်းအရ သီးသန့်ဖိတ်ကြားမှာဖြစ်တယ်လို့ သိရပါတယ်။ ဒီဆွေးနွေးပွဲဟာ ဦးသိန်းစိန်အစိုးရ တက်လာပြီးနောက်ပိုင်း နေပြည်တော်မှာ တတိယမြောက်ကျင်းပမှာဖြစ်ပြီး၊ မကြာသေးခင်က ဆင်းရဲမွဲတေမှု လျှော့ချရေးနဲ့ e-Government အလုပ်ရုံ ဆွေးနွေးပွဲတွေ ကျင်းပခဲ့ပါတယ်။

နောက်ပိုင်းမှာ ပြည်တွင်းနဲ့ ပြည်ပရောက် မြန်မာပညာရှင်တွေ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်တဲ့အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပဖို့စီစဉ်ထားကြောင်း သိရပါတယ်။ အခုကျင်းပမယ့် မက်ခရို (Macro) စီးပွားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တခြားတည်ဆဲ နိုင်ငံရေးပါတီခေါင်းဆောင်တွေကိုပါဖိတ်ကြားဖို့ရှိပြီးဒေါ်အောင်ဆန်းစုကြည်အနေနဲ့တက်ရောက်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း ဒေါက်တာနေဇင်လတ် က ပြောပါတယ်။

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**